
စိတ်ကူးချိုချိုအနုပညာ

# သော်တာဆွေ
## ဘိုးဘိုးပြောင်
နှင့်
## ဟစ်တာလုံး



ပြန်လည်ရိုက်နှိပ်ခြင်း

ကာတွန်းမောင်မောင်အောင် - ၂၀၁၆

mgyoe.com

mgyoe.com



# သော်တာဆွေ

## ဘိုးဘိုးပြောင်နှင့် ဟစ်တလုံး

mgyoe.com

tts0028
2000.00 Ks

mgyoe.com

ဘိုးဘိုးပြောင်နှင့်ဟစ်တလုံး၊ သော်တာဆွေ
မျက်နှာဖုံး - ကာတွန်းမောင်မောင်အောင်၊ စာမျက်နှာ ၁၆၂မျက်နှာ၊ ၁၃စင်တီ× ၂၀ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ မေလ၊ ပြန်လည်ရိုက်နှိပ်ခြင်း ၁၉၆၆ စာပေပေါင်းကူးစာအုပ်တိုက်၏ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဘိုးဘိုးပြောင်နှင့်
# ဟာစ်တလုံး
# သော်တာဆွေ

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဖြပြာမှုလကျိ

ဒီကောင်ကလေးကို အင်မတန်ဆိုးတဲ့ အကောင်ကလေးဖြစ်ပါသည်။ ကမ္ဘာတစ်ခွင် 'ဟစ်တလာ' လေလုံးပြင်းချိန် အခါသမယ၌ ဘယ်လိုက ဘယ်လိုစွတ်ရွတ်ပြီး လူ့ပြည်ကူးလက်မှတ်ရလာခဲ့သည်မသိ ယခုတိုင် ကျွန်တော်တို့ လင်မယားနှစ်ယောက်ထံတွင် လာရောက်နေထိုင်လျက် ဆိုးလွန်းငိုလွန်း အာပေါင်အာရင်းကျယ်လွန်းလှသဖြင့် သူ့နာမည်ကို 'ဟစ်တလုံး' ဟု အများသဘောတူသမုတ်ထားကြပါသည်။ ဟစ်တလာမှာ နာဇီဝါဒဖြစ်၍ သူမှုကား နွာစေးဝါဒ ဖြစ်လေသည်။ သူ့ငိုရာ၌ မည်မျှအသံသြဇာရှိသနည်း ဟူမူ 'တစ်လုံး ဟစ်လိုက်လျှင် သုံးနှစ်မျှမမေ့နိုင်' ဟု နားအလွန်ထိုင်းသူရွှေနဘောဘွဲ့ရ ဒေါ်အေးမြကပင်မှတ်ချက်ချရပါသည်။ တချို့ခေတ်ဗဟုသုတရှိသူများကမူကား 'ဤကလေး၏ အာခေါင်ကိုခွဲ၍ လောကဓာတ်ဆရာများကို စုံစမ်းစေပါက လည်ချောင်းထဲတွင် 'လော်စပီကာ'ကဲ့သို့ ကိရိယာမျိုးကို တွေ့ရချေမည်ဟု ပြောစမှတ်ပြုကြကုန်၏။

လူနှင့်မလိုက်အောင်ငိုလုံးသန်ရုံမျှမက အကျင့်စာရိတ္တမှာလည်း အထူးပင် ဆိုးသွမ်းလှ၍ အစားအသောက်ဘက်တွင်လည်း အလွန်ပင် သရဲမင်းရဲနိုင်လွန်းလှပါသည်။ ယခု ကြည့်ပါဦးတော့ "သူငယ်အိပ်ဆိပ်၊ လင်မယားနှစ်သိမ့်ချိန်" ပင် ရောက်နေပါပြီ။ အလိုက်ကန်းဆိုးမသိတဲ့ ကောင်ကလေး... သူမအိပ်သေးပါ။ သူ၏နွာစေးဝါဒအတိုင်း နှပ်တရှုပ်ရှုပ်နှင့် ခြင်ထောင်အတွင်း

mgyoe.com

mgyoe.com


အိပ်ငွေ့မျှဉ်းနေသော ကျွန်တော်တို့လင်မယားနှစ်ယောက်အကြားတွင် ဇုတ်တုတ်တစ်ခါတုံးလုံးတစ်လှည့် လူးလိမ့်လှည့်ပတ်ရင်း ညနေကထမင်းစားခဲ့ရသည်ကို မကျေနပ်၍ ယခုတစ်ဖန်ကြက်သားဟင်းနှင့်စားချင်ပြန်သည်ဟု အကျောက်အကန် ပြင်းထန်စွာအရေးဆိုလျက်ရှိပါသည်။ သူ့အမေကို ဘယ်ခြေနှင့်ကန်လျှင် ကျွန်တော့်ကို ညာခြေနှင့် ကျောက်သည်။ ကျွန်တော့်ကို ဘယ်လက်နှင့်ချလျှင် သူ့အမေကို ညာလက်ဖြင့်နှံသည်။ သူ့အမေကား သူနှင့်မဆိုင်သလိုပင် အေးစက်စက်အမူအရာဖြင့် ဝတ္တရားအတိုင်း စို့ချင်စို့ မစို့ချင်နေ၊ နို့နှစ်လုံးကို လှန်ကာသာ ပက်လက်ကြီး အစင်းသားလဲလျောင်းနေပါသည်။ ထို့ကြောင့် ကျွန်တော်က "ဟော့ မအေကြီးကလည်း နေနိုင်လိုက်တာကွာ၊ ဒီကောင်ကလေးကို အိပ်အောင်များလုပ်စမ်းပါဦးကွ" ဟု ပြောမိရာ...

"အို တော်ကလည်း ဒီကလေးအကြောင်းသိသားနဲ့ သူလိုချင်တာ မရရင် ဘယ်တော့မှ ချော့မရဘူးရှင့်၊ တော့်ဟာပဲ တော်ချော့" ဟု မိခင်ကောင်းတို့၏ဝတ္တရားအတိုင်း ရှုံ့ရှုံ့မဲ့မဲ့ငြင်းလိုက်သဖြင့်...

"ကဲ လူကလေး ဟစ်တလုံး သားသားက လိမ္မာပါတယ်ကွာ မေမေ့နို့စို့ပြီးအိပ်ပါတော့ကွယ်" ဟု ချော့မော့ပြောလိုက်ရာ...

"ကြက်တားဟင်းနဲ့ အမင်းချားချင်ပါတယ်ရှိနေတာကို အပ်ခိုင်းနေ ဒီနို့ကြီးခညားပဲရှိ့ရှော့အင့်" ဟု ကျွန်တော့်ဘက် ဆွဲပေးနေပြန်၏။

"ဟ လူကလေးရ ဒါကဖေဖေ့ဖို့မဟုတ်ဘူးကွ၊ လူကလေးစို့ဖို့နို့"

"ဘာ... ခညားဂျီး ညာတာလဲ ဟိုညက အနော်ညင်ဘူးမှတ်လို့လား" ဟု ဇပ်ကဲ့လပ်ကဲ့ ပြန်ပြောလိုက်သဖြင့် ကျွန်တော်မှာ ချော့နေရာမှ စိတ်ပေါက်ပေါက်ရှိလာသည်နှင့်...

"တယ် ဒီကောင်ကလေးနှယ် လူပါးဝလိုက်တာ မင်းဟာမင်းစို့ချင်စို့ မစို့ချင်နေကွာ အိပ်တော့အိပ်တော့ညဥ့်နက်လှပြီ"

"မအပ်ဖူး ဘာရို့အပ်ရမှာလဲ"

"ဒါ သူငယ်အိပ်ဆိပ်ချိန်ကွ ကလေးအိပ်ရတယ်"

"အံမှာ ခညားဂျီးညဏ် အနော်တိပါတယ်ဂျာ မအပ်ဖူး မအပ်ဖူး ကြက်တားဟင်းချားရမှ အပ်မယ်တီလား" ဟု သူကပင် တင်းတင်းမာမာ ကျွန်တော့်ကို အကျပ်ကိုင်သည့်ဟန်ဖြင့်ပြောလိုက်၍ ဓာတ်သိသောသူ့အမေက

mgyoe.com

mgyoe.com


ပြုံးစိစိလုပ်နေပါသည်။ သူတို့အရွယ်မှာ လူများကချော့မေးလျှင် အကုန်ပြော တတ်သဖြင့် ကျွန်တော့်မှာ သူ့ကိုပင်ခပ်ရွံ့ရွံ့ဖြစ်နေရ၍ တင်းတင်းမာမာမပြော ဝံ့ဘဲ ချော့မော့သောအသံဖြင့်...

"မင်းက ငါ့ဘဏ်ဘာသိတာလဲကွာ... ဒီအချိန်မှာ ဘယ်ကလာ ကြက်သားရနိုင်မှာလဲ လူကလေးရ"

"ကြက်ဖမ်းတတ်ပီး... အမေကချက်ရင် ကြက်တားဟင်းရတာ ပေါ့ဂျ" ဟု သူကပင် နည်းပေးလမ်းပြ လုပ်လိုက်ပါသေးသည်။

"ဘယ်မှာကြက်ရှိတော့လို့လဲ လူကလေးရ အိမ်မှာရှိတဲ့ ကြက်တွေ လည်း လူကလေးစားချင်တယ်ဆိုတိုင်း ချက်ချက်ကျွေးရတာနဲ့ ကုန်ပြီမဟုတ် လားကွ" ဤစကားမှာ အမှန်ဖြစ်ပါသည်။ သူ၏ငိုသံကို နားမခံနိုင်လွန်း၍ ရပ်မိရပ်ဖများ၏ တောင်းပန်ချက်အရ သူပူဆာတိုင်း ချက်ချက်ကျွေးရသဖြင့် အိမ်ရှိ ကြက်နှစ်မပေါက်မှာ မအေကြီးများပါမျိုးပြုတ်ခဲ့ပါပြီ။ အိမ်မရှိသည်နှင့် ပင် မကျေနပ်သေးဘဲ သူရဲဘဝကလာခဲ့သော ကောင်ကလေးဖြစ်သည့် အတိုင်း...

"အိမ်မှာမချိရင် တခြားအိမ်တွားခိုးပေါ့ဂျ" ဟု သူကပင် လမ်းညွှန်လိုက် ပြန်ပါသည်။ သူပေးသောအကြံမှာ မရိုင်းလှပါ။ ကျွန်တော်ကိုယ်တိုင်က လည်း ကြက်ခိုးဝါသနာခပ်ပါပါနှင့် အကြိမ်ကြိမ်ခိုး၍ကျွေးခဲ့ဖူးပါသည်။ ယခုညမူကား ကြက်ခိုးထွက်ရန်ပျင်းလှ၍...

"ငါ့သားပြောတာတော့ ဟုတ်ပါတယ် လူကလေးရာ... အခု ဘယ်အိမ်နီးပါးနားမှာ ကြက်ရှိတော့လို့လဲကွ... အရီးအုန်းနုအိမ်ကကြက်တွေ လည်း တို့ခိုးစားတာနဲ့ကုန်ပြီ။ ကြီးသာယာအိမ်ကလည်း မနေ့ကပဲ ကြက်ထမ်း သမားရောင်းပစ်တယ်။ မဇာနုအိမ်ကလည်း အခုခွေးကသိပ်ဆိုးတာကွ" ဟု အကျိုးသင့်အကြောင်းသင့်ပြောမိရာ...

"ဟာဂျာ တစ်ရွာလုံး ဒီတုံးအိမ်ပဲချိတလားဂျ" ဟု သူကပင် ကျွန်တော့် ပြန်မာန်လိုက်ပြန်၏။ သူ့အား ပြတ်တောင်းတောင်းပြောလိုက်၍ သူမကျေနပ် ဖြစ်ပြီး သံကုန်လွှင့်ငိုလိုက်ချေသော် တစ်ရပ်လုံးက ကျွန်တော်တို့လင်မယားကို အချိန်မတော် အိပ်ပျက်အောင်လုပ်ရပါမည်လားဟု ကျိန်ဆဲကြတော့မည်ဖြစ် သောကြောင့် ကျွန်တော့်မှာ သူ့ကိုတင်းတင်းမပြောဝံ့ဘဲ ချော့ရပြန်ပါသည်။

mgyoe.com

mgyoe.com


"လူကလေး ပြောတာကတော့ ဟုတ်ပါရဲ့ကွယ် ဒါပေမဲ့ ကြက်ခိုးတယ်ဆိုတာက လွယ်တာမဟုတ်ဘူး။ ကြက်ဘယ်နေရာအိပ်တယ် အိမ်ဝင်းဘယ်အပေါက်ကဝင်ရတယ်၊ ကြက်အိပ်တန်းဘယ်လိုသွားရတယ် ဆိုတာတွေကို စောစောကတည်း ကြိုတင်သိထားရတယ်ကွ၊ အရမ်းသွားခိုးလို့ဖြစ်တာမဟုတ်ဘူး၊ မင်းကြီးတော့ သိပါလိမ့်မယ်ကွာ"

"အမယ်ရေး အနော်ကြီးရင်တော့ တစ်ရွာလုံးက အိမ်တွေလျှောက်ကြည့်ထားမှာပဲ... ခညားဂျီးကိုကည့်တာ အနော်ချို တစ်ည တစ်ည အညားဂျီးတောင်ခိုးလိုက်အုံးမယ်တိလား"

"အေးကွယ် ငါ့သားကြီးမှပဲ အားကိုးရတော့မှာပဲ။ အဖေကတော့ ညံ့ပါတယ်၊ ငါ့သားလောက်မတော်ပါဘူး။ အခုညတော့ ငါ့သားသည်းခံကွယ် နက်ဖြန်ညမှပဲ ဘယ်အိမ်ကကြက် ဘယ်နေရာအိပ်တယ်ဆိုတာ ကြည့်ထားပြီး သွားခိုးပေးပါ့မယ်ကွာ ဟုတ်လား။ လူကလေး အိပ်တော့ကွာ... ညဉ့်နက်လှပြီ၊ မင်းအမေကလည်း အိပ်ချင်ပြီတဲ့။ နက်ဖြန်ကျမှပဲ ကြက်မတမ်းမ ဝ,ဝ ကလေးစားနော်ဟုတ်လား လိမ္မာပါတယ်ကွယ် အိပ် အိပ်" ဟု ပြောကာ ကျောသပ်ထိပ်ပုတ်လုပ်ပေးနေစဉ် ဆိတ်ငြိမ်သွားသဖြင့် အေးပြီဟု အောက်မေ့မိ၏။ သို့သော် တစ်ခုမရလျှင် တစ်ခုလွဲတတ်သော သူ၏သောက်ကျင့်အတိုင်း...

"ဒါချင့်သြဂါဂျထဲက ဘုန်းဂျီးကျွဲခတ်တဲ့ ပုံကြောရမယ်" ဟု တစ်မျိုးပူပြန်သဖြင့် ကျွန်တော်မှာ ရတ်တရက်အံ့အားသင့်သွားတာ "ဘယ့်နှယ်ကွာ လူကလေးရယ် သြကာသထဲက ဘုန်းကြီးကျွဲခတ်တဲ့ပုံရယ်လို့ အဖေမကြားဖူးပါလားကွယ်"

"ဟိုရေ အဖေရယ် ကျောင်းက ဦးဖင်းပိန်ကြီး ဟိုနေ့က ထန်းပင်အောက်မှာ ကြောနေတာလေ... အပါယ်ရေးပါး ကပ်တုံးပါးပါတယ်လေ"

ယင်းမှ ကျွန်တော်ပြန်သတိရကာ...

"ဟာကွာ ဒါက သုံ့ငယ်ချင်းဦးပဥ္စင်းမို့ နောက်တာပါကွာ... တကယ်မဟုတ်ပါဘူး"

"ဟုတ်ဟုတ်....မဟုတ်ဟုတ် အဲဒါပဲကြောရမယ်"

ကျွန်တော်မနေသာတော့ပါ။

"ကဲ ဒါဖြင့် နားထောင် ဟိုးရှေးရှေးတုန်းက ကျောင်းတစ်ကျောင်းမှာ

mgyoe.com

mgyoe.com


ဘုန်းကြီးတွေ ဦးပဥ္ဇင်းတွေ ကိုရင်တွေ... စုစုပေါင်း ၁၉ ပါးရှိသတဲ့ကွ။ ဒါနဲ့ တစ်နေ့တော့ ရွာထဲမှာ အသက် ၁၅ နှစ်သားလေးသေလို့ မသာမှာ သက်စေ့ဘုန်းကြီး ၁၅ ပါးလာပင့်တော့ ကျောင်းမှာ လေးပါးကျန်ခဲ့ရောတဲ့၊ အဲဒီ ၄ ပါးက သူတို့မလိုက်ရတော့ မနာလိုဘူးပေါ့ကွာ၊ ဒါနဲ့ သူတို့တပည့် ကျွဲကျောင်းသားလေးနဲ့ ပေါင်းပြီး ချောက်တွန်းကာ မသာကို ကြွတဲ့ဘုန်းကြီး တွေ လမ်းမှာ ကျွဲလိုက်ခတ်ကရောတဲ့ဟေ့"

"အဲဒီမှာ ဘုန်းကြီး ၁၅ ပါးအနက် ၈ ပါးက ယပ်တွေပစ်ပြီး ပြေးသတဲ့ ကွ၊ ဒါကြောင့် ယပ်ပစ်ရှစ်ပါးတဲ့ သုံးပါးက သစ်ပင်ကိုကပ်ပြီး ကွယ်နေခဲ့ တဲ့အတွက် ကပ် ၃ ပါးတဲ့၊ အဲ ၄ ပါးမှာကတော့ ပြေးရင်းလွှားရင်းနဲ့ လဲလို့ ကွဲလို့ ထိပ်ကို ပတ်တီးစည်းခဲ့ရတဲ့အတွက် ထိပ်ပတ်သမား ၄ ပါး၊ နောက်မှ ပါဠိလိုဝိပတ္တိတရား ၄ ပါးလို့ခေါ်သတဲ့။ အဲလိုက်ခတ်တာကတော့ ကျွဲ ၅ ကောင်မို့ သူတို့ကို ရန်သူမျိုးငါးပါးလို့ ခေါ်သကွ၊ ကျောင်းမှာကျန်ခဲ့တဲ့ ၄ ပါးကိုတော့ အပယ်ခံရတာမို့ အပါယ် ၄ ပါး။ ဒါကြောင့် ဩကာသထဲမှာ အပါယ် ၄ ပါး၊ ကပ် ၃ ပါး၊ ရပ်ပြစ် ၈ ပါး၊ ရန်သူမျိုး ၅ ပါး၊ ဝိပတ္တိတရား ၄ ပါးလို့ပါတာလို့ အဖေက သူငယ်ချင်းဦးဇင်းကြီးကို နောက်တာပါကွာ၊ ကဲ လူကလေးအိပ်တော့"

သားတော်မောင်က ဘာမျှပြန်ပြောသံမကြားရ ဇနီးသည်ကသာ...

"တော် မဟုတ်ကဟုတ်ကဆွေ လျှောက်ပြောနော် အဝိစိချိုးကပ်မယ့် လူ အရင်တစ်ခါလည်း ပြောင်သလို ချော်သလိုနဲ့ ဘုန်းကြီးသွားလျှောက်လို့ ထွေးခံ ပေါက်ခံရဖူးပြီ။ ဒါနဲ့ မမှတ်သေးဘူး"

"အို ဒီတုန်းကလည်း ငါဟုတ်တာပြောတာ မင်းပဲစဉ်းစားကြည့်ပါဦး၊ ငါသွားပို့တဲ့ ဘဲပေါင်းတစ်ကောင်လုံး တစ်ပါးတည်းနဲ့ ကုန်အောင်ဘုဉ်းပေးပြီး ဟဲ့ တကပ်ပု ကောင်းလှချည်လား နင် ဘယ်လိုက ဘယ်လိုလုပ်ပြီး ပေါင်းတာ လဲ" မေးလို့ "ဒီဘဲက ဈေးကဝယ်တဲ့ရေထိုးဘဲ မဟုတ်ဘူးဘုရား တပည့်တော် ကိုယ်တော်ကြီးအတွက် သက်သက်ရည်စူးပြီး ၆ လကြာအောင် တီကောင် တွေ နေ့တိုင်းကျွေးပြီး မွေးလာခဲ့တာညကမှ ဖမ်းကြည့်လိုက်တော့ ဝ,ကစ်ပြီး စားဖို့ကောင်းနေတာ တွေ့ရတာနဲ့ တင်းကုပ်တိုင်တစ်ချက်ထဲကိုင်ရိုက်ပြီး ဒေါ်ကြင်ဈေးခံတောင်းထဲက ခိုးရတဲ့ ငံပြာရည်ချိုနဲ့ ချင်းတက်နဲ့ ကိုယ်တော်

mgyoe.com

mgyoe.com


ကြီးဖို့ စပါယ်ရှယ်ပေါင်းလာခဲ့တာ ကောင်းတာပေါ့ဘုရားလို့ ပြောတာနဲ့ သူက ငါ့ဝကြောက်,ဝကန်ကန်ပြီး ထွေးခံနဲ့ လှမ်းပေါက်တာ ဒါဘယ်သူလွန် သလဲကွ ငါပြောတာတွေကော မဟုတ်ဘူးလားလို့ မင့်ရှေ့တွင်အမြင်ပဲ။ မင်းတောင် အမွေးကူ နုတ်သေးတယ်မဟုတ်လား"

"ဟုတ်တော့ ဟုတ်တာပေါ့ရှင်။ ဒါပေမဲ့ ဘုန်းကြီးကို သတ်တာတို့ ခိုးတာတို့ လျှောက်မပြောရဘူးရှင်ရဲ့"

"မပြောကော မသိဘူးလားကွာ... အသားဆိုတာ သတ်မှရတယ်ဆို တာကို"

"အို သိ့ပေမယ့် ဒါတွေမတွေးဘဲ ပိဏ္ဍပါတံ ဘောဇနာအာဟာရအဖြစ် ဘုဉ်းပေးရတာ"

"ဒါဖြင့် မှိန်းတုတ်တာပေါ့ကွ" ဟု ပြောမိရာ ကျွန်တော့်မိန်းမမှာ မိုး ညှင်းကိုယ်တော်ကြီးခေတ်တွင် ယောဂီဝတ်, ဝတ်ခဲ့ဖူးသူဖြစ်သောကြောင့် "တရားသဘောနှင့် ရဟန်းတော်ကိုထိပါးရမလော" ဟုဆို၍ အပါယ်လားမယ့် အဝိစိလက်မှတ်ရထားတဲ့ ဒိဋ္ဌိစသည်ဖြင့် ကြိမ်းမောင်းရေရွတ်ပါတော့သည်။ စင်စစ်ကျွန်တော်သည် မိန်းမကို တယ်ဂရုစိုက်လှသူမဟုတ်သော်လည်း အချိန်အားဖြင့် မယားကြောက်ရမည့်အခါ ဖြစ်နေသောကြောင့် မည်သို့မျှ ပြန်မပြောဝံ့ဘဲ ပြာပုံထဲအိပ်နေသော ခွေးဝဲစားကလေးသဖွယ် ဆိတ်ငြိမ်စွာပင် ဝပ်၍နေလိုက်ရပါ၏။

မိန်းမတို့ဘာဝ အနိုင်ရ၍ ကျေနပ်နှစ်သိမ့်သွားသောအခါ၌ သားဟစ် တလုံးမှာလည်း အသက်ရှူမှန်မှန်နှင့်အိပ်ပျော်နေဟန်ရှိသည်တွင် သား အလစ်ချောင်းနေခဲ့သော ကျွန်တော်သည် ရေသောက်ချင်သလိုလို သေး ပေါက်ချင်သလိုလို အမူအရာဖြင့် ခြင်ထောင်အပြင်ထွက်ခဲ့ပြီး ခြေရင်းဘက် မှလှည့်ပတ်ကာ ဟစ်တလုံးအမေနံဘေးသို့ ချဉ်းကပ်ခဲ့လေ၏။ သို့တမင့်လည်း ကျွန်တော်မှာ ယခုညအဖို့၌ စိတ်ကူးစိတ်သန်းအပေါက်အလမ်းမတည့်ချင် လေရကား ကျွန်တော့်မယားသည် မိန်းမတို့အကျပ်ကိုင်နိုင်သော အချိန်အခါ အခွင့်အရေးကိုယူကာ သူ့သဘောမကျသော အချက်များကို ပြောပြီး ကျွန်တော့်အား ကြိမ်းမောင်းပြန်ပါတော့သည်။

"ကိုတက်ပု ရှင်သတိထားနော်၊ ရှင့်အကြံအစည်တွေ ကျုပ်မသိဘူး

mgyoe.com

mgyoe.com


အောက်မေ့မနေနဲ့ အခုရှင်က ကျုပ်ညီမညိန်းနုကို ကြက်ခိုးအင်ဖူးနဲ့ အောင်သွယ်ပေးနေတယ်မဟုတ်လား၊ ဘာ ရှင် ကွယ်ချင်သေးသလဲ။ အင်ဖူးနဲ့ ရှင်နဲ့ တတွဲတွဲနေတာ အားလုံးက မြင်တယ်ရှင့်"

"အိုကွာ ငါတကယ် အောင်သွယ်တာ မဟုတ်ပါဘူး။ ဒီကောင့်ဆီက ထန်းရည်ညာသောက်တာပါ။ ငါကလူပါးပါ ဒီကောင်မျိုး ငါ့ခယ်မနဲ့ မတန်မှန်း ငါသိပါတယ်ကွ"

"ရှင်ကသာမဟုတ်နေ အရပ်ထဲမှာ တစ်စွန်းတစ်စ သတင်းထွက်နေပြီရှင့်၊ သူတို့ချင်းဖြစ်ချင်ဖြစ်ပါစေ၊ ရှင်တော့ ရောမပါလေနဲ့နော်၊ အင်ဖူးက အတော်ကို သတင်းဆိုးနေတာ၊ နာမည်ကိုက ကြက်ခိုးအင်ဖူးတဲ့ နေ့စဉ်ထန်းရည်သောက် ဖဲရိုက်နဲ့၊ နွားခိုးတယ်လည်း ပြောနေကြတယ်။ အရီးဖော့က နည်းနည်းမှ သဘောမတူဘူးရှင့်"

"ဒါတွေ ငါသိပါတယ်ကွာ၊ ကိုယ့်ဆွေမျိုးထဲ မသင့်လျော်တာ မဖြစ်စေရဘူး" စသည်ဖြင့် ဆွေကြောင်းမျိုးကြောင်း ဝတ္တရားများကို တတ်သမျှ မှတ်သမျှ ပြောလိုက်၍ ဤကိစ္စ၌ ကျေနပ်သွားဟန်ဖြစ်ပြီးမှ...

"နို့ပြီး ရှင် ဒေါ်စာဥသမီး ပန်းစုံနဲ့ ဘာကလိုလိုကြားပါလား။ ကိုယ့်သားမယားရှိရက်သားနဲ့ တော်တော်ထနော်။ ရှင်သတိထား ကျုပ်ကိုမစမ်းနဲ့ သိလား"ဟု တစ်မှုဆိုက်ရောက်ရောက်လာပြန်သဖြင့်...

"ဟာ ဒါတော့ မဟုတ်ရပါဘူးကွာ။ ဖျားစူးပါရစေရဲ့ မင့်မနာလိုတဲ့ လူက တွန်းတာဖြစ်ပါလိမ့်မယ်"

"အောင်မာ ကျုပ်ကိုလား သူများက တွန်းရအောင်၊ တွန်းလို့ကောယုံမယ့်ကောင်မစား မှတ်သလား။ ဒေါ်ဆွဲမိကြီးကိစ္စတုန်းက ညမသာအိမ်မှာ ရှင်ကောင်မကလေးတွေ ကြက်သွန်သင်နေတဲ့နောက်ဖေးဘက်သွားပြီး ပန်းစုံကို ရှင် ပရောပရည်လုပ်နေတာ ကျုပ်မမြင်ဘူးမှတ်လို့လား၊ ဟိုကောင်မကလည်း ခပ်ရွှရွှနဲ့ ရှင်ကလည်း ခပ်ထထနဲ့။ ကဲ ရှင်ဘာပြောချင်သေးသလဲ" ဟု မျက်မြင်အကျုပ်ကိုင်လိုက်သဖြင့် ကျွန်တော်မှာ အစာစားရသော ခွေးကလေးလို မျက်နှာချိုသွေးကာ...

"ဟာ ဒါကအပျင်းပြေ"

"ဘာအပျင်းပြေလဲ နောက်ရှင် ဒီကောင်မလေးနဲ့ ထိကပါး ရိကပါး

mgyoe.com

mgyoe.com


လုပ်တာမြင်ရင်တော့ တော်နဲ့ကျုပ်နဲ့အသိပဲ။ ကျုပ်က ထဘီအလဲထူမှာ သိရဲ့လား"

"သိပါတယ်ကွာ။ မင်းကို ငါကြောက်ပါတယ်။ မလိမ္မာတစ်ခါမိုက်အပြစ်လွှတ်ပါတော့၊ နောက်ကိုမလုပ်တော့ပါဘူး။ မောင့်မယားအလှအုံမာဒါနီရယ်" ဟု ဆိုပြီး ပွေ့ဖက်ပွတ်သပ်လိုက်ရာ ကျွန်တော့်ကိုယ်ကို တွန်းခွာရင်း

"ဘာ အုံမာဒါနီလဲ အုံမာဒါနီက ဘုရားလောင်းရဲ့ ပါရမီဖြည့်ဘက်ရှင့် ရှင်က အဝိစိသွားမယ့်လူ မဆီမဆိုင် ရှင်မယားနဲ့ မနှိုင်းပါနဲ့" ဟု သူ့လင်သူချီးကျူးလိုက်သဖြင့် ကျွန်တော်က "ငါက ဟို ဥမ္မာဒန္တီကိုပြောတာ မဟုတ်ပါဘူးကွာ မင်းက ဟောဒီမှာ အုံကမာပြီး ဒါကနီလို့ အုံမာဒါနီလို့ ပြောတာပါ"

"တောက်"

ကျွန်တော့်ခေါင်းကို လက်ခေါက်နှင့်နှံလိုက်သည်။

"မသာကြီး ဟင် သူ့ဒါပဲ"

"ဟဲဟဲ... ဟဲ... ဟဲ မိန်းမကလည်းကွာ ကောင်လေးအိပ်သွားပြီကွာ မဆူစမ်းပါနဲ့'

ကျွန်တော့်စကားဆုံးကာ မတ်တတ်ရှိသေးသည်။ အကြံသမား မင်းဘုရားကလေး ငုတ်ခနဲ ထထိုင်ခါ...

"မအပ်ဘူးဂျ... မအပ်ဘူးဂျ၊ အပ်ချနောင် ချောင်နေတာ ဟတ်လားမိပီ မိပီ၊ ခုနတော့ ဒါအဖေဖို့မဖူးဆို ခုတော့ တွေ့ပီဂျ တွေ့ပီ " ဟု ဒုတိယတန်း ဖတ်စာအုပ်ထဲမှ မှင်စာကလေးတာတေရုပ်လို သွားကျိုးကလေးဟောင်းလောင်းနှင့် ခါးရှရာတွေ ဗရဗွေထနေသော လက်ညှိုးပုံကလေးကို ငေါက်ငေါက်ထိုးကာ "အချက်ထဲ" သရော်နေလိုက်ပုံမှာ "ကိုယ့်သားပင်ကိုယ်" အလွန်အမြင်ကတ်မိပါတော့သည်။

"နွားကလေး သောက်ကျင့်ယုတ်လိုက်တာ ငါ့အိပ်ပျော်သွားပြီအောက်မေ့နေတာ" ဟု စိတ်ဆိုးမာန်ဆိုးနှင့် ဟောက်လိုက်မိရာ သူကပင် "နွားဂျီးခညားကသောက်ကျင့် ယုတ်တာဘာလဲ" ဟု ပြန်ကြိမ်းသဖြင့် ကျွန်တော်မှာရုတ်တရက်ဒေါသထွက်သွား၍ ထိပ်ကို ခေါက်လိုက်မည်ဟု ဟန်ပြင်လိုက်မိသော်လည်း မွေးကတည်းက အာခေါင်ထဲတွင် "လော်စပီကာ" ပါလာသည်ဟု အတပ်စွဲရလေအောင် ကျယ်လောင်စူးရှလှသော သူ့အသံနှင့် ယခုအချိန်

mgyoe.com

mgyoe.com


တွင် ဟာစ်လို့သာငိုလိုက်ချေသော် တစ်ရပ်လုံးက ကျွန်တော့်ကိုကျိန်ဆဲရုံမျှမက နံနက်လင်းလျှင် ကျောင်းကဘုန်းကြီးနှင့် ဆရာသူကြီးကို တိုင်ကြပါတော့မည်။ ကျွန်တော့်ကို "ဝမ်နင်" ပေးထားကြသည်ကား ညဥ့်အချိန်တွင် ဟာစ်တလုံးကို ငိုအောင်ပြုပါက ဘုန်းတော်ကြီးက ကြိမ်ဒဏ် ၉၉ ချက်ရိုက်မည်။ ဆရာသူကြီးမင်း ဦးကျော်ရီက "ကလေးငိုကျော်ဇော"နှင့် ထောင်ချမည်ဟု ဆိုထားသဖြင့် ကျွန်တော်မှာ ကိုယ့်သားကိုယ်ပင် တင်းတင်းမာမာမပြောဝံ့ဘဲ "လူကလေးအိပ်ပါတော့ကွာ၊ ဘာပြုလို့ အိပ်မယ်ဆိုပြီး မအိပ်သေးတာလဲကွ" ဟုသာ ချိုချိုသာသာပြောပါသည်။

"ဟင် အပ်ချင်ဘူးဂျာ။ ဗိုက်ထဲက ဝိုဝို...ဝိုဝိုနဲ့ ကြက်သားဟင်းနဲ့ အမင်းချားချင်တယ်...." ဟု လုပ်လာပြန်တော့သည်။

"အို ခုည ကြက်မရှိဘူး ခိုးပေါက်လည်း မမြင်ဘူး။ နက်ဖြန်မှ စားပါလို့ ပြောထားတာကွာ ခုနအိပ်မယ်ဆိုလို့၊ ဩကာသထဲက ဘုန်းကြီးကျွဲခတ်ပုံလည်း ပြောရသေးတယ်"

"ခုန အပ်မယ်ရှိတာ အပ်ပီး ဘီလေ အခုနိုးလာတယ်။ ဘိုက်ထဲကရှာတယ်။ ဟင့်အင်း ဟင့်အင်း အခု ကြက်သားဟင်းချက်ပေးရမယ်" ဟုဆို၍ ခြေကလန်ကြောက်လက်ကားရားလုပ်ကာ ငိုရန်ဟန်ပြင်လေတော့သဖြင့်...

"ကဲ မအေကြီးရေ ခက်ပြီထင်တယ်ကွာ လုပ်စမ်းပါဦး" ဟု အကူအညီတောင်းလိုက်ရာ မအေကပါ။

"ဟုတ်သားပဲ ကိုတက်ပုရယ် ကျုပ်လည်းဆာလိုက်တာ၊ ကြက်ကလေးတစ်ကောင်လောက်ရအောင် ကြံစမ်းပါဦး" ဟု တိုက်တွန်းပြန်လေသည်။

"အဲ မင်းကပါဆာကွ၊ ခက်တော့တာပဲ၊ ဘယ်အနီးနားမှာ ကြက်ရှိတော့လို့လဲကွာ မင်းအရီးဖော့အိမ်က ညိမ်းနုကြက်တွေထဲက သုတ်မှပဲ"

"အရီးဖော့ဥစ္စာတော့မလုပ်ပါနဲ့ရှင်၊ ဂျိုက်ပိုးကလေးမမာလို့ ဒီကြက်ကလေးတွေပဲရောင်းပြီး ဆေးဖိုးဝါးခလုပ်နေရတာ။ ညိမ်းနုကလည်း ခုရက်ကန်းမရက်တော့ဘူး"

"ဒါဖြင့် တို့နောက်ဖေးတန်းက ဒေါ်ကြမ်းကြီးကြက်ဖြူမကလေး တစ်ကောင်ပဲ သွားသုတ်မှပဲ"

"အမယ်လေး ဒီမိန်းမကြီးကြက်တော့ မလုပ်ပါနဲ့ရှင်၊ မစားရလို့

mgyoe.com

mgyoe.com


ငတ်သေချင်သေပါစေ၊ သူ့ကျိန်စာတွေကြောက်လွန်းလို့ပါ။ တစ်ရက်မပြီးနှစ်ရက်မပြီး လူသေတော့ငိုသလိုပဲ။ သတိရတိုင်း ကျိန်ကျိန်နေတာ လန့်ပါတယ်ရှင်။ နောက်ပြီး စုန်း ၁၂ ကြိုးတတ်တယ်လည်းပြောတယ် သူ့ဟာတော့သွားမလုပ်စမ်းပါနဲ့"

"ဟို တောင်ပိုင်းသွားပါလား။ မမြကွန်းတို့အိမ်မှာ ကြက်မြီးကောင်ပေါက်တွေ တစ်အုပ်ကြီးမြင်ပါတယ်"

"ဟာ ဝေးကဝေးနဲ့ကွာ နို့ပြီး ဒေါ်နီတာခွေးကလည်း သိပ်ဆိုးတာကွ"

"ရှင့် ဦးအာဒိစ္စပေးထားတဲ့ ခွေးမဟောင်ဂါထာရှိတယ်မဟုတ်လား"

"သူ့ဂါထာက ဟောင်တော့မဟောင်ပါဘူး။ မဟောင်ဘဲ အလစ်ဝင်ဆွဲနေတာသာဆိုးနေတယ်ကွ"

"ဟာ ခညားကြီး ဖင်ခေါင်းကျယ်လိုက်တာဂျာ... ကျွန်တော်မကြီးသေးလို့တာပေါ့။ ကြီးရင်တော့ ခညားအညောင်းခံကြောမနေဘူး။ တွားဂျေဂျာ။ မတွားရင် အနော်ငိုလိုက်တော့မယ်" ဟု အစွမ်းပြရန် ဟန်ပြင်လေသဖြင့် "ကဲ ကဲ ငိုတော့မငိုလိုက်ပါနဲ့ကွာ သွားပါတော့မယ်" ဟုဆို၍ အိပ်ရာမှထခဲ့ရလေသည်။

× × ×

အချိန်ကား သက်ကြီးခေါင်းချ ကာလသားကြက်ခိုးချိန် ရောက်ခဲ့ချေပြီ။ ဦးဝါခေါင်၏ လဆုတ်ခြောက်ရက်သား ကိုဖိုးလသည် မိုးသားမိုးရောင်ကမ္ဗလာကို လွှမ်းခြုံထားသော ဒေါ်ပြဗ္ဗာ၏ ရင်ခွင်တွင် ဆောင်းရာသီ ကိုယ်ဝန်ဆောင်မိန်းမ၏ ဆေးဆိုးထားသော နှုတ်ခမ်းပုံသဏ္ဌာန်ကဲ့သို့ မပိုင်းမခြမ်းစုပုံပုံ၊ နီကြောင်ကြောင် ရှုံ့တွတွနှင့် ငြီးငွေ့စရာ မှောင်ထုကို ပျင်းရိစွာ ဖြိုခွင်းလျက် ရှိချေ၏။

"သားကျွေးမှု၊ မယားကျွေးမှု၊ တစ်ခုပညာကိုယ်စီပါ" ဆိုစကားအရ ကျွန်တော်မှာ ကြက်ခိုးအတတ်တွင် တစ်ဖက်ကမ်းမခတ်သော်လည်း လက်ထိပ်ခတ်ပေါက်နီးအောင်တော့ တတ်ကျွမ်းသူဖြစ်ရကား၊ ပုဆိုးတစ်ထည်ခြုံ၊ တစ်ထည်ဝတ်နှင့် သားမယားစားဖို့အတွက် ကြက်ခိုးထွက်ခဲ့ရလေ၏။ နောက်ဖေးလမ်းကြိုလမ်းကြား ဝါးရုံရိပ်များကလျှောက်ရင်း မယားညွှန်ကြားချက်အရ မမြကွန်းအိမ်သို့သွားမည်ဟု စိတ်ကူးခဲ့ပါသော်လည်း ဝေး

mgyoe.com

mgyoe.com


လည်းဝေး ခွေးလည်းကြောက်ရ။ ဦးအာဒိစ္စခွေးမဟောင်ဂါထာကလည်း မဟောင်ဘဲနဲ့ အလစ်ဝင်ကိုက်ခြင်းခံရသည်ဖြစ်သောကြောင့် နီးရာလွယ်ရာ ကျွန်တော်နှင့်မိတ်ဆွေဖြစ်သော ဂုတ်ကြားရှိရာဌာန ညိမ်းနုတို့ကြက်စင်ပင် ဝင်ခိုးပါတော့မည်ဟု စိတ်ကူးကာ ဂုတ်ကြားတိုးပေါက်မှ လေးဖက်ထောက်၍ ဝင်လိုက်လေ၏။ ဝင်းထဲရောက်၍ အပေါ်ရုံပုဆိုးကိုခေါင်းမြီးခြုံကာ သင်းပျံ့ သော အိမ်သာနံ့ကို ရှူရှိုက်ရင်း နွားတင်းကုပ်ဆီသို့ တစ်လှမ်းနှစ်လှမ်းမျှ လျှောက်လိုက်မိသည်တွင် အိမ်နောက်ဖေး တံစက်မြိတ်အောက်မှ လူပုံ သဏ္ဌာန်တစ်ခုပေါ်ထွက်လာပြီး ကျွန်တော်အံ့အားသင့်နေစဉ်မှာပင် ကျွန်တော့် ကိုယ်ကို လာရောက်ဖက်ကာ...

"ကိုအင်ဖူး ကြက်ပြာမကလေး ရခဲ့ဘီလားဟင် ဒီကဖြင့် စောင့်လိုက် ရတာ ကြာလှပြီဟု ချွဲညုလိုက်သော ညိမ်းနု၏ ခရာသံကိုကြားရသဖြင့် ကျွန်တော်မှာ ရုတ်တရက် အူကြောင်ကြောင်ဖြစ်သွားပြီးမှ သတိရ၍ ပုဆိုး ခေါင်းမြီးခြုံကို ဖွင့်လိုက်ကာ....

"ဟဲ့ ညိမ်းနု ငါပါဟ"

"ဟင် ဦးလေးကိုတက်ပုကြီး"

"နင် အင်ဖူးနဲ့ ညတွေ့ဖို့ ချိန်းထားတယ်ဟုတ်လား"

"သူက ကြက်ခိုးပေးမယ်ဆိုလို့"

"ဘာ နင်တို့အိမ်မှာ ကြက်တွေအများကြီးရှိသားနဲ့"

"မဟုတ်ဘူး... ရိုးရိုးကြက်မဟုတ်ဘူး"

"ရိုးရိုးကြက်မဟုတ်လို့ ဘာကြက်လဲ ခြေသုံးချောင်းနဲ့ ကြက်လား"

"မဟုတ်ဘူး မမာနေတဲ့ ဂျိုက်ပိုးကလေး ခမဲပေးဖို့ ကြက်ပြာမ"

"နင်တို့အိမ်မှာ ကြက်ပြာမတွေအများကြီး ငါမြင်မိတယ် အောက်မေ့ ပါတယ်"

"နည်းနည်းပြောတာမဟုတ်ဘူး၊ တစ်ကိုယ်လုံး ခြေထောက်ရော မျက် နှာရော နှုတ်သီးရောပြာမှတဲ့ ဆရာဦးပေါ်ဒင်ကြီးက ပြောတာ"

"ဒီလောက်ပြာအောင်ဆိုတော့ အရှားသားပဲ"

"ဟိုတောင်ပိုင်းက ကိုထွန်းစိန်တို့အိမ်မှာ ရှိတယ်၊ သူခုညရအောင် ခိုးမယ်ဆိုလို့ စောင့်နေတယ်"

mgyoe.com

mgyoe.com


"အင်း ကိုထွန်းစိန်အိမ်က ကြက်ဆိုရင် ရပါလိမ့်မယ်။ ခွေးကလည်း ကောင်းသေး ဟိုလူကလည်း မူးမူးနဲ့ လှံနဲ့ထိုးချလိုက်မှ မာလကိပ္ပိနေမယ်"

"သိဘူးလေ သူလည်း နာမည်ကြီး ကြက်ခိုးအင်ဖူးဆိုတာပဲ နို့ ဦးလေး ကိုတက်ပုကလည်း ညကြီးဒီဘာလုပ်လာခဲ့တာလဲ" ဟု ကျွန်တော့်ဘက် လှည့်၍ မေးခွန်းထုတ်သဖြင့် ကျွန်တော်က အသံခပ်တည်တည်နှင့်...

"ကိစ္စရှိလို့ပါဟယ်...၊ နင် အင်ဖူးနဲ့ ဖြစ်နေပြီပေါ့ဟုတ်လား။ ငါ့မှန် တာပြောစမ်း" ဟု စကားလှိုးလွှဲလိုက်ရပါသည်၊ ညိမ်းနုမှာ အတော်ကလေး အံ့အားသင့်သွားကာ "ဟင် နို့ဦးလေး ကိုတက်ပုကပဲ သဘောတူတယ်။ အဖေ တို့အမေတို့ကိုလည်း သဘောတူအောင် ပြောပေးမယ်လို့ ဦးလေးကိုတက်ပု က ပြောတယ်လို့ ကိုအင်ဖူးကပြောပါလား"

"အေး ငါကတော့ အင်ဖူးကို ထန်းရည်သောက်ကောင်းအောင် ညာပြော နေတာ၊ နင်ကတော့ တကယ်မှတ်ပြီး နဂိုက ကြိုက်ချင်ချင်နဲ့ ကြိုက်လိုက် တာပဲ ဟုတ်လား။ ဒီလိုညညချိန်းပြီး အတွေ့ခံနေ ဟင်း တော်တော်ကြာ တော့..."

"ဟင် ဟိုတုန်းက တစ်ခါမှ ဒီလို ညကိုအတွေ့မခံပါဘူး။ ဒီနေ့မှ မောင်ကလေးအတွက် ခမဲပေးဖို့ကြက်ကအရေးကြီးတာနဲ့ ညအတွေ့ခံမှ ရ အောင်ခိုးပေးမယ်ဆိုလို့ပါ" ဟု ကျွန်တော့်ကို တောင်းပန်သော လေသံဖြင့် ပြောရှာ၏။ စင်စစ် ကျွန်တော့်အဖို့မှာ ဤကဲ့သို့ခယ်မဝမ်းကွဲကို သူ့ဟာသူ ညအတွေ့ခံနေရုံမကလို့ မလွှတ်ဘဲဖက်ထားထား ကိုယ့်အရေးမဟုတ်ပါ။ သို့သော် မိမိလိုရင်းရောက်အောင်သာ "အမယ် နင်က ငါ့ညာမနေပါနဲ့၊ အင်ဖူးကလည်း ငါ့ပြောပါတယ်ဟယ် ဒီသတင်းကို ညနေကမှ နင့်အစ်မ' မနော်ကကြားလို့ ငါ့ကို ခုချောင်းဖမ်းဖို့ လွှတ်လိုက်တာ အခုတော့ နင်တို့ဟာ သေချာနေကြောင်း ငါသိရပြီ။ နင့်အစ်မနဲ့အမေ ပြောလိုက်ရင်တော့ ဒုက္ခပဲ"

"နို့ ဦးလေး ကိုတက်ပုကပဲ အမေတို့ကို သဘောတူအောင် တိုက်တွန်း ပေးမယ်ဆို"

"အို ဒါက နင်အ,တာ ငါကထန်းရည်သောက်ကောင်းအောင် ညာပြော နေတာပါလို့ ဆိုနေ"

ညိမ်းနုသည် ခေါင်းကုတ်ရင်း သက်ပြင်းချကာ...

mgyoe.com

mgyoe.com


"ဖြစ်ပြီးမှတော့ မထူးပါဘူး ဦးလေးရယ် သင့်သင့်တင့်တင့်ဖြစ်အောင်သာ ပြောပေးပါတော့"

"ငါတော့ နင့်အစ်မနဲ့ နင့်အမေ ခပ်ရွံ့ရွံ့ပဲ"

"ပြောပါ ဦးလေးကိုတက်ပုရယ်။ ဦးလေးပြောရင်ရပါတယ်"

"အေးလေ ခုမှတော့ ပြောပေးရတော့တာပေါ့ကွာ" ဟု လေအေးနှင့်နှုးလိုက်ပြီးနောက် "ဒါထက်ငါ့ကို နင်တို့ အိမ်က ကြက်တစ်ကောင်လောက်ပေးလိုက်စမ်းကွာ အိမ်ကကောင်လေးက ကြက်သားဟင်းစားချင်တယ် လုပ်နေလို့ကွ။ နင့်အစ်မ မနော်လည်း စိတ်ညစ်နေတယ်" ဟု သေချာပေါက်တောင်းလိုက်ရာ...

"ဟင် ကြက်တွေ မရှိတော့ဘူး။ ဆရာဦးပေါ်ဒင် ဆေးဖိုးပေးဖို့နဲ့ မစိုး ဆန်ခွက်ကြည့်ခ ပေးဖို့ညဦးကပဲ ကြက်ထမ်းသမားကို အကုန်လုံးရောင်းပစ်လိုက်ရတယ်"

"ဟင် တစ်ကောင်မှ မရှိတော့ဘူးလား"

"မရှိတော့ဘူး ဦးလေးရယ်၊ မယုံရင် ရှာကြည့်ပါ။ ကျွန်မလိမ်မပြောပါဘူး။ ဒီကြက်အကုန်ရောင်းတာတောင် မလောက်သေးလို့ မဖွားရွှေတို့ဆီ စပါးပေးယူရမယ်တောင်ဖြစ်နေသေးတယ်"

"ဟင် သောက်လခွီးမှပဲ" ဟု စိတ်ပျက်လက်ပျက် ညည်းညူပြီးနောက် ကျွန်တော်သည် မိမိထွင်ပေါက်ကောင်းသော်လည်း မှန်းခြေမကိုက်၍ နောက်ထပ်မျှော်လင့်စရာလည်း မရှိတော့သဖြင့် "နင့် အင်ဖူးတော့ ကိုထွန်းစိန်တို့အိမ်သွားတောင် သွားဝံ့မှာမဟုတ်ပါဘူးကွာ" ဟု အကြောင်းရှာပြောပြီး ဝင်းပြင်ထွက်ခဲ့လေ၏။

ကြက်မပါဘဲ အိမ်ပြန်သွားရဖြစ်မလား။ မယားညွှန်ကြားလိုက်သော မမြကွန်းတို့အိမ်ဘက် အရောက်သွားရမလားဟု စိတ်ထဲ ဇဝေဇဝါနှင့် နောက်ဖေးဝါးရုံများအောက်သို့ လျှောက်လာခဲ့ရာ ခဲတစ်ပစ်ခန့်နီးနီး ရောက်ခဲ့သည်တွင် ကျွန်တော့်ရှေ့ ဝါးတစ်ရိုက်ခန့်၌ မည်းမည်းလူသဏ္ဍာန်တစ်ခုကို မြင်ရသဖြင့် ရင်ထဲ၌ ဒိတ်ခနဲဖြစ်သွားသော်လည်း ညလူချင်းအတူတူ အရင်အော်သောသူက လူကောင်းဖြစ်နိုင်သောကြောင့်

"ဟေ့ ဘယ်သူလဲ မပြေးနဲ့" ဟု အသံခပ်မာမာနှင့် ဟောက်လိုက်ရလေ

mgyoe.com

mgyoe.com


၏။

ထိုသဏ္ဍာန်မှာ ရုတ်တရက် အမူအရာ ပျက်သွား၍လက်ထဲမှ အရာဝတ္ထုတစ်ခုကို ပစ်ချလိုက်ဟန်နှင့် တစ်ပြိုင်တည်း 'ကတော် ကတော်' ဟူသော ကြက်မသံတစ်ခု ပေါ်လာကာ ထိုသူမှာ ရုတ်ခြည်းအနောက်လယ်ကွင်းဆီသို့ သုတ်ခြေတင်ပြေးသည်ကို မြင်လိုက်ရသဖြင့် ကျွန်တော်သည် ရဲရင့်စွာပင် ထိုသူပစ်ချခဲ့ဟန်ရှိသော နေရာသို့ သွားရောက်ကြည့်ရှုရာ အပျိုရှာ ကညာတွေ့ဝါးပင်ခြေရင်း ဝပ်စင်းနေသော ကြက်မတစ်ကောင်ကို တွေ့ရလေ၏။

ဝမ်းသာအားရနှင့်လည်ပင်းညှစ်ကာ အတောင်ပံနှစ်ခုကို ချုပ်ကိုင်၍ ဝိုးတိုးဝါးတား လရောင်အောက်တွင် သေချာစွာ ကြည့်လိုက်ရာ ခြေထောက်ပြာ နှုတ်သီးပြာ တစ်ကိုယ်လုံးပြာသော ကြက်မတမ်းမကလေးကို တွေ့ရသဖြင့် တစ်ယောက်တည်းပြုံးမိရင်း...

"အင်း မအေပေး အင်ဖူး ကိုထွန်းစိန်တို့အိမ်ကကြက်တောင်ရအောင် ခိုးနိုင်တယ် အာဂအကောင် သူညိမ်းနုကို သွားလက်ဆောင်ပေးပြီး... ဟင်း မအေပေးမျိုး..."ဟု တောင်တောင်မြောက်မြောက် တွေးပြီး သူတို့သမီးရည်းစားတွေ့ဖို့နဲ့ ကလေးလူမမာ ခမဲပေးဖို့ထက် ခုည ငါ့သားနဲ့ ငါ့မယားစားရဖို့က အရေးကြီးတယ်" ဟု သူတော်ကောင်း သူမြတ်လောင်းပီပီ ကိုယ့်ဘက်ကိုယ်ယက်ယူ စိတ်ကူးကာ ဝမ်းသာအားရနှင့် အိမ်ဘက်သို့ပြန်ခဲ့လေ၏။

အိမ်ဝင်းထဲမရောက်မီ ကိစ္စပြီးစီးရန် ကြက်နားအုံနှစ်ဖက်ကို ဘယ်လက်နှင့်ဖျစ်၍ ညာလက်ဖြင့် ခြေနှစ်ချောင်းကို ချုပ်ကိုင်ကာ ရုတ်တရက် ဖျစ်ခနဲမြည်အောင် ဆွဲဆန့်လိုက်ပြီး ဝင်းတိုင်နှင့် ဖတ်ခနဲလက်ပြန်ရိုက်လိုက်လေ၏။ ဤနည်းမှာ တစ်ချက်တည်းနှင့် အတောင်မခတ် မအော်မမြည်ဘဲ ကိစ္စပြီးနိုင်၍ ကြက်ပျိုမကလေးသည် တဆတ်ဆတ်နှင့် နတ်ပူးပြီးမာလကီးကုတ်လေ၏။

ကျွန်တော့်ဇနီးမှာ ကြက်ခိုးမှုလုပ်ငန်းတွင် ကျွန်တော့်အား မည်မျှစိတ်ချသနည်းဟူမူ ကျွန်တော် အိမ်ပြန်ရောက်သောအခါ ငရုတ်သီးရေစိမ်ပြီးနေ၍ သားအမိနှစ်ယောက် ကြက်သွန်အခွံ သင်လျက်ရှိနေနှင့်လေ၏။

"ဟော ဒါမှ တို့အဖေကွ။ ကြက်ပြာမကလေးအမေရေ ဝက,ဝနဲ့" ဟု သားတော်မောင်က ဆီးကြိုချီးကျူးသဖြင့်...

mgyoe.com

mgyoe.com


"ဟဲ့ လူကလေး တိုးတိုးကွ ဒီပြင်အိမ်ကကြားကုန်ဦးမယ်" ဟုပြောပြီး ကြက်ကိုကြမ်းပြင်သို့ ယူသွားကာ လျင်မြန်သော ကုလားနည်းအတိုင်း အရေဆုတ်၍ ခုတ်ပိုင်းတုံးတစ်လိုက်လေ၏။

ဟင်းကိုင်ပြီးသောအခါ ငရုတ်ကြက်သွန်ထောင်းပြီးနှင့်၍ ဟင်းအိုးနယ်သည်တွင် ဆီလောင်းထည့်ရန် လက်ဝါးဖြန့်ပေးလိုက်ရာ မီးခွက်တစ်ခွက်နှင့် ဆီပုလင်းငှဲ့ပေးနေသော ကျွန်တော့်မိန်းမက...

"ဟင် ကိုတက်ပုရယ် ရှင့်လက်ကလည်း ကုလားဘုရားလက်ကျနေတာပဲ။ ပြာလို့ ညစ်ပတ်လိုက်တာ။ ဘာတွေများ ကိုင်လာပါလိမ့်။ ဖယ်ပါ ကျွန်မနယ်ပါ့မယ်" ဆိုသဖြင့် ကျွန်တော့်လက်ကို ကျွန်တော်ကြည့်လိုက်ရာ မည်သည့်အရာကို ကိုင်ခဲ့မိသည်မသိ ပြာနေသည်ကို တွေ့ရလေ၏။

ကျွန်တော်တို့ ကြက်ခိုးဟင်းချက်သည်မှာ ကြာရှည်စွာ ချက်လေ့မရှိပါ။ အသားထဲကရေခန်း၍ နောက်ထပ်ရေတစ်မှုတ်ထည့်ကာ ပြန်ဆူသည်တွင် မီးပေါ်မှမချသေးဘဲ ဟင်းအချို့ခပ်ယူလျက် ထမင်းကြမ်းအနည်းငယ်နှင့် သားအမိသားအဖ သုံးယောက်သား စတင်စားသောက်ကြလေ၏။

ဟင်းအိုးတစ်ဝက်လောက်ကျမှ ဗိုက်တင်းကြကာ အိပ်ရာသို့ဝင်ခဲ့ကြ၍ သားအမိသားအဖ သုံးယောက်သားကျေကျေနပ်နပ်နှင့် အိပ်ပျော်သွားကြလေ၏။

× × ×

ကုလားဘုရားအတိ အဆင်းရောင်ရှိ၍ ပကတိပြာလျှံတောင်ပံ ဖြန့်ဖြန့်လည်တံဆန့်လျက် ခန့်ခန့်ကြီး ကောင်းကင်ပြင်တွင် ပျံသန်းသွားသော ကြက်ပြာမ ယဉ်ပေါ်ဝယ် ကျွန်တော်တို့ လင်မယားသားမိသုံးယောက်မှာ ကျောပေါ်တွင်ထိုင်၍ ရွာဦးကျောင်းက ကိုယ်တော်ကြီးသည် ကြက်လည်ကုပ်ပေါ်ထိုင်ကာ လည်ဆစ်ရိုးကိုကိုင်ရင်းလိုက်ပါသွားလေရာ ကျွန်တော့်သားဟစ်တလုံးမှာ ဝမ်းသာလွန်းလှ၍...

"ဖြူပြာမူလကျီ ဝါနီဘုန်းငယ်လေး လေးငတုံးဖေးပုံး ဘုဉ်းပေးတော်မူ" ဟု ပုံကြီးသံ အလိုက်သူ၏ နဂိုသံအတိုင်း ကျယ်လောင်စွာ ဟစ်အော်ကျူးရင့်လေ၏။ ယင်းသည် အခိုက်ဝယ် ရတ်တရက် ရန့်ရင်းကြမ်းတမ်းသော စိန်းမမျက်နှာကြီးတစ်ခု ပေါ်ပေါက်လာကာ ကျွန်တော်တို့ စီးလာသော ကြက်မ၊

mgyoe.com

mgyoe.com

ယာဉ်သည် လေယာဉ်ပျံပျက်ကျသလို မြေပြင်သို့ တစ်ဟုန်တည်းစိုက်ဆင်းလေ၏ ။

ဤစဉ်တွင် ကျွန်တော်သည် အိပ်ရာမှဖြုန်းခနဲ လန့်နိုးကာ "ဟင် ငါ့အိပ် မက်ကဆန်းလှချည်လား ဧကန္တကောင်းတဲ့နိမိတ်ပဲ။ မနက်လင်းတော့ ငွေနှစ် ကျပ်စပါးပေးယူပြီး ထီထိုးဦးမှပဲ" ဟု စိတ်ထဲ၌ အောက်မေ့လျက် မိန်းမအား နှိုးပြီး အိပ်မက်ကောင်းကြောင်းကို ပြောမည်ဟု အကြံပြုမိ၏။ သို့သော် ညက အအိပ်နောက်ကျ၍ ကောင်းမွန်စွာအိပ်ပါစေတော့ဟု စိတ်ကူးကာ အိပ်မက်ကောင်းအတွက် မခိုးစဖူး ထူးထူးဆန်းဆန်း ကျွန်တော်ဘုရားရှိခိုး လေ၏။ ပြီးလျှင် အချိန်မှာ ညနှင့်နံနက်ခင်းတွေ့ဆုံကြပြီဖြစ်၍ နွားမြက်ကျွေး ရန် သင့်တော်ပြီဖြစ်သောကြောင့် တင်းကုပ်ထဲသို့ ဆင်းခဲ့လေ၏။ နွားများကို ခုံပေါ်သို့တင်၍ သေးပေါက်စေပြီး မြက်ခြင်းယူရန် နောက်ဖေးဘက်သို့ထွက် ခဲ့ရာ ကျောဘက်ရွာတန်းကလေးမှ စောစောစီးစီး အိပ်ရာထတတ်သော မုဆိုး မဒေါ်ကြမ်းကြီး၏ ဗျစ်တီးဗျစ်တောက်နှင့် တစ်စုံတစ်ရာရှာဖွေရေရွတ်သံကို ကြားရသဖြင့် သေချာစွာ နားစိုက်ထောင်လိုက်မိသည်တွင် သူ၏ရှာမတွေ့ဖြစ် နေသော ပစ္စည်းကို သိရသည်နှင့် တစ်ပြိုင်နက်တည်း ကျွန်တော်မှာ ဆေးလွဲမျို မိကြောင်း သိရသော ဘိန်းစားကဲ့သို့ လည်ချောင်းတစ်ခနဲ ရင်အောင့်ခနဲဖြစ် သွားကာ "ဟိုက် သောက်ကျိုးနည်းရော" ဟု ရေရွတ်ပြီး သိန်းစွန်မြင်ရသော နိဝတောရိလို မူလကျိုင်ငိုင် ငိုင်မိလေ၏။ နောက်တစ်ခဏမှာ အကြံရပြီး အိမ် ပေါ်သို့ ကပျာကယာ ပြန်တက်ကာ...

"ဟေ့ မနော် မနော် ထစမ်းပါဦးကွ" ဟု ကိုးရိုးကားရား အိပ်နေသော ကျွန်တော့်ဇနီးကို နှိုးရ၏။ အိပ်မှုန်စုံမွှားနှင့် မျက်လုံးမဖွင့်ဘဲ မျက်စိပွတ်ကာ...

"ဘာလဲရှင့် တော့ဟာကလည်း စောစောစီးစီး"

"ဟ... နင်ကလည်း ဒါကိုမဟုတ်ပါဘူးဟ ထ, သွားစမ်း အရီးမယ် စံတို့အိမ်မှာ ကောက်ညှင်းပေါင်းတစ်မတ်ဖိုး ဝယ်ချေပါ"

"ဘာလုပ်ဖို့လဲ အိမ်မှာ ထမင်းကြမ်းတွေ ကျန်သေးသားပဲ"

"အို တို့စားဖို့ မဟုတ်ပါဘူးကွ၊ အရေးကြီးလို့ပါ။ သွားစမ်းပါကွာ မြန်မြန်"

"ဘာ အရေးကြီးတာလဲ တော့ဟာကလည်း"

mgyoe.com

mgyoe.com


"အို နောက်တော့ မင်း သိပါလိမ့်မယ်ကွာ. ရှည်မနေပါနဲ့ သွားဆို မြန်မြန်သွားစမ်းပါကွာ"

"သော့က်မှုပွေလိုက်တာ။ ဘယ်မှာလဲ ပိုက်ဆံစောစောစီးစီး"

"အို ထုံးစံအတိုင်းပေါ့ကွ"

"ကြွေးတွေလည်း ထပ်နေပြီ။ အရင်ကြွေးတွေလည်း မဆပ်ရသေးဘူး"

"မြုံးကျစ်ပြီးလို့... ငါးထောင်ရတော့ ရှင်းမယ်လို့ ပြောပြီးသားပါကွာ၊ သွားမှာသာ သွားစမ်းပါ" ဟု အတင်းတွန်းထိုးလွှတ်လိုက်မှ ကျွန်တော့်မိန်းမသည် ဆံပင်စုတ်ဖွားဖြင့် မသွားချင် သွားချင်နှင့်ပင် ဆောင့်ကြီးအောင့်ကြီး ထွက်သွားလေ၏။ ကျွန်တော်လည်း သေးစို့သေးခြောက်တို့ဖြင့် ဟောင်စော်နံနေသော အိပ်ရာထဲတွင် ယခုတိုင် ဗိုက်ဖောင်းဖောင်းနှင့် အိပ်ကောင်းတုန်း ရှိနေသေးသော သားတော်မောင် ဟစ်တလုံးကိုကြည့်၍ "အင်း မအေပေး ဂြိုဟ်ကောင်ကလေးကြောင့် ကျားမြီးဆွဲမိတာပဲ" ဟု တီးတိုးရေရွတ်ကာ မီးဖိုချောင်သို့ဆင်းခဲ့၍ မီးမွှေးပြီး ကြက်သားအိုးကို နွှေးနှင့်လေ၏။

မကြာမီ ကျွန်တော့်မိန်းမ ကောက်ညှင်းပေါင်းနှင့်ပြန်ရောက်လာသော အခါ ကျွန်တော်သည် ဟင်းအိုးကို မီးဖိုပေါ်မှချရင်း "ကဲ မနော်ရေ ဒီဟင်းက တို့ချည်းစားလို့ မဖြစ်သေးဘူးကွ။ ကျောင်းကကိုယ်တော်ကြီးလည်း သွားပို့ဦးမှပဲ" ဟု ပြော၍ ကြက်လည်ကုပ်ရိုးနှင့် လည်ဆစ်ရိုးလေး ငါးတုံးကို ပန်းကန်တစ်ခုဖြင့်ခပ်ပြီး...

"ရော့ အင့် ကောက်ညှင်းပေါင်းနဲ့ ဘုန်းကြီးကျောင်းသွားပို့ချေ"

"တော့် ဟာကလည်း ထူးထူးဆန်းဆန်းစေတနာကောင်းလာလိုက်တာ"

"အို မင်းနားမလည်သေးပါဘူးကွာ။ တော်တော်ကြာတော့မှ မင်း ငါ့အကြံချီးမွမ်းမိပါလိမ့်မယ်။ သွား သွား ကိုယ်တော်ကြီး အရဏ်မီသာ သွားပို့လိုက်စမ်းပါ။ ဒီကိစ္စက သူပါပါမှကောင်းမှာကွ"

ကျွန်တော့်မိန်းမသည် နားမလည်သေးဘဲ အူကြောင်ကြောင်နှင့်ပင်..

"တော့်ဟာ ကျုပ်နားမလည်ပေါင်တော် ဘယ်လိုများ အရူးထပြန်ပါလိမ့်" ဟု ခပ်ဆောင့်ဆောင့်ဆိုပြီး အဝတ်အစားလဲလှယ်၍ ကောက်ညှင်းပေါင်းနှင့်ကြက်သားပန်းကန်ကို ချိုင့်ထဲထည့်ကာ ဘုန်းတော်ကြီးကျောင်းသို့

mgyoe.com

mgyoe.com


ထွက် သွားလေ၏။

× × ×

ဘာသနုရာဇာဒေါင်းစကြာသည် ပြဗ္ဗာဆောင်ခန်းစက်ရာ နန်းမှ တသမ်းသမ်း တဝေဝေနှင့် ပေရေညစ်ပတ်နေသော မိုးတိမ်တောင် ကမ္ဗလာကို ချွတ်ခွာပယ်ရှင်း၍ အရုဏ်ကျင်းလိုက်သောအခါတွင် တစ်ဒါဇင်သော ကြိုးမြေကို လျှိုးလို့မိုးပျံအောင်တက်သည်ဟု ရွာသိရပ်သိ ဟုတ်တိပတ်တိ ကျော်ကြားသော အဆဲအကျိန်ဝိဇ္ဇာဘွဲ့ရ မုဆိုးမဒေါ်ကြမ်းကြီးသည် သူ၏ တစ်ခုတည်းသော ကြက်ဖြူမလေးပျောက်ကြောင်းကို အသေအချာသိရလေ၍ ပြင်းပြင်းထန်ထန်စတင်ကျိန်ဆိုလေတော့သည်။ အနီးပတ်ဝန်းကျင်မှလူတို့သည် နံနက်ခင်း လေကြောင်းအချက်ပေး ဥဩသံ ကြားရသကဲ့သို့ အလွန်ပင် ထိတ်လန့်တုန်လှုပ်ကြကာ 'တို့များမထင်ပါစေနဲ့' ဟု ဘုရားပုထိုးရှိခိုးဆုမွန်တောင်းကြကုန်သည်။

သုံးအိမ်ကျော်မှ အလွန်တရာနမြောလှသော ကော်တရာကပ်စေးနဲဘွဲ့ရ အသားညိုအပျိုကြီးမဖွားရှင်ကလည်း မနေ့ကမှ လျှော့ဈေးနှင့် အကြွေးရ၍ မတန့်တတန် ဈေးဆစ်ပြီး ဝယ်လာခဲ့သော နံ့ပြီစွပ်တံဆိပ် မဲနယ်ဘူးအသစ် စက်စက်ကြီး ပျောက်သည်ဟု အော်ကြီးဟစ်ကျယ် ဒေါသူပုန်ထလျက်ရှိလေသည်။

ကျွန်တော့်သား ဟစ်တလုံးမှာ ဒေါ်ကြမ်းကြီးနှင့် အပျိုကြီးမဖွားရှင်တို့က (သူ့အဖို့) နံနက်စောစော ရေခင်းသံကြောင့် အိပ်ရာမှနိုးခဲ့၍ မျက်ချေးဗရပျစ်နှင့် ထလာပြီးမျက်နှာသစ်ရန်ပြောဆိုမရဘဲ ထမင်းကြမ်းနှင့် ကြက်သားဟင်းကို မြိန်ရေရှက်ရေ စားတော်ခေါ်လျက်ရှိလေသည်။

ကျွန်တော်မှုကား နွားတင်းကုပ်ထဲတွင် နောက်ချေးသိမ်းရင်း ကြက်ခိုးအင်ဖူး၏ ညဏ်သွားပုံကို စဉ်းစားလျက် မနော်ပြန်လာလျှင် ညက သူ့စကားမလိုက်နာမှုနှင့် အဆူမာန်ခံရတော့မည်ကို တွေးတောပူပန်လျက်ရှိပေ၏။

မကြာမီပင် မဟာဝါသည် ဘုန်းကြီးကျောင်းမှ ပြန်လာကာ ကျွန်တော်ထင်သည့်အတိုင်းပင် ထဘီတိုတိုဝတ်၍ နွားတင်းကုပ်ထဲဝင်လာလျက်..။

"ကိုတက်ပု ရှင်လုပ်ပုံကောင်းသေးရဲ့လား။ ငတ်သေချင်သေပါစေ။ ဒီမိန်းမကြီးဥစ္စာတော့မလုပ်ပါနဲ့လို့ ကျုပ်ပြောရက်သားနဲ့ ခုတော့ဘယ့်နှယ်

mgyoe.com

mgyoe.com


နေသေးလဲ တော်ရဲ့"

ကျွန်တော်လည်း နောက်ချေးတွန်းခုံကို ညာလက်ဖြင့် မှီထောက်ကာ…

"နေစမ်းပါဦးကွာ ငါ့ကို အပြစ်တင်စောမနေပါနဲ့ ဒီကိစ္စငါရှင်းပြပါဦးမယ်။ ဒါမပြောခင် ကျောင်းက ကိုယ်တော်ကြီး တို့ကြက်သားဘုဉ်းပေးရဲ့လား ပြောစမ်းပါဦးကွအရင်"

"တော့်ဟာကလည်း မဆီမဆိုင်အရေးကြီးလိုက်တာ၊ ဘုန်းကြီးပဲ လှူရင်စားတာပေါ့ရှင် ကုပ်ရိုးနဲ့ လည်ဆစ်ရိုးချည်းပါလားလို့တောင် ပြောသေးတယ်…

အို… တော်စမ်းပါတော့ အရှုးဆင်ခြေတွေ တော်ရှင်းပြမယ်ဆိုတာပဲ ပြောစမ်းပါဦး" ဟု စိတ်မရှည်သလို မိန်းမတို့ထုံးစံအတိုင်း နှုတ်ခမ်းစူလာသဖြင့် ညက ကြက်ပြာမရလာခဲ့ပုံနှင့် အင်ဖူး၏ ကလိမ်ကျပုံကို မဖွားရှင်၏ မဲနယ်ဘူးပျောက်ပုံနှင့် ဆက်သွယ်ပြောပြရပါသည်။ စကားအဆုံးတွင်…

"တော်ကိုက ကျုပ်စကားနားမထောင်တာ မမြကွန်းအိမ် သွားခိုးပါဆိုရက်သားနဲ့ ကျုပ်တူမကြက်သွားကြံတာကို ကျုပ်စကားအတိုင်းဆိုရင် ဒီဒေါ်ကြမ်းကြီး ကြက်မလည်း ရှင်ရလာမှာမဟုတ်ဘူး၊ အင်ဖူးနဲ့ ညိမ်းနုလည်း သူတို့ဟာသူတို့ ဒီကြက်မှုနဲ့ ဘာဖြစ်နေနေ ခုတော့ကောင်းသေးရဲ့လား။ သူများ စားခုတ်ရာ လက်ဝင်ခံတာ။ ကျိန်လိုက်ဆဲလိုက်တာလည်း ရစရာမရှိဘူး။ သူ့ကြက်စားတဲ့လူ သွေးစိမ်းသွေးနက် ပွက်ပွက်အန်ပါစေ။ သေချင်းဆိုးနဲ့ သေပါစေ။ ဆောအပေါင်းရန်အပေါင်း နေ့ရှိသမျှ ကြုံကြပါစေနဲ့။ မိုးမဆုံးမြေမဆုံး ဘယ်နှရက်ဘယ်နှလများ ဆက်ကျိန်နေဦးမယ်မသိဘူး။ နို့ပြီး ဒီမိန်းမကြီးက စုန်းတတ်တယ်လည်းပြောနေကြတယ်။ လုပ်လိုက် ရင်တော့ ဒုက္ခပဲ။ သွားတောင်းပန်လိုက်ရ ကောင်းမလားမသိဘူး" ဟု မိန်းမတို့ ဘာဝ ကြောက်လန့်စိုးရိမ်စွာဖြင့် တောက်တီးမြည်တွန် လုပ်နေသောကြောင့်…

"အို ဒါလောက်လည်း ကြောက်မနေပါနဲ့ ကွာ သူတကယ်ပညာတတ်လို့ လုပ်ရင် ကြက်သွားခိုးတဲ့ အင်ဖူးတို့ထိမှာပေါ့။ သူ့ကြက်သားစားလို့ ဆဲတာ ကျိန်တာလောက်တော့ အပျော့ပါ။ ငါအခု ကောက်ညှင်းပေါင်းတစ်မတ်ဖိုးနဲ့ ကြက်ရိုး ၄–၅ တုံး အဆုံးခံတာက ဒီလိုကွ သူ့ကြက်သားစားတဲ့ လူထဲမှာ ကျောင်းကဘုန်းကြီးပါပါတော့ သူ့ကျိန်စာတွေဟာ ဘုန်းကြီးကြီး သီလသမာ

mgyoe.com

mgyoe.com

မိတန်ခိုးကြောင့် ငါတို့ပါမထိအောင်လို့ ဤကိုဒီလိုကြံတာကွ"ဟု ပြောပြီး စတိုင်ပါပါ အသားယူသောသဘောနှင့် ခြေတစ်ဖက်မြှောက်၍ဟန်ပြင်လိုက်ရာ အမှတ်မဲ့ နွားမြက်စင်၌ ထောင်ထားသော နောက်ချေးတွန်းခုံဂျပ်ပြားကို တက်နင်းမိသဖြင့် တွန်းခုံရိုးသည် ဒေါင်ခနဲ ကျွန်တော့်နားသယ်ကို ဆော်လိုက်လေ၏။ မသက်မသာ ကိုယ့်နားသယ်ကိုယ်ပွတ်နေစဉ်မှာ မသနားသည့်ပြင် ဝမ်းသာသွားသော ကျွန်တော့် အုံမာဒါနီက...

"ကောင်းလိုက်လေတော် စိတ်ရင်း စိတ်မြတ်ရှိတဲ့လူ သူ့တွန်းခုံကတောင် သူ့ဆော်ပြီ။ တကတဲ တယ်အကြံနက်နဲ့တဲ့လူ စေတနာကောင်းနဲ့များ ကျောင်းသွားလှူခိုင်းသလား အောက်မေ့ပါတယ်။ ဒီဆဲတာ ကျိန်တာထဲ ကျောင်းက ဘုန်းကြီးပါ ပါအောင်လို့တဲ့...၊ မဆီမဆိုင်တော် ရွှေဉာဏ်တော် စူးရောက်ပါပေ့"

"ဟ ဒါမှသာတူညီမျှ အခွင့်အရေးပေါ့ကွ။ ဘုန်းကြီးအမူ ရွာပတ်လို့သာ ရှိနေတာ။ ရွာကအမူ ဘုန်းကြီးပတ်အောင်တော့ တစ်ခါတလေ လုပ်ဦးမှပေါ့ကွ"

"တော်စမ်းပါတော့ အရူးစကားတွေ ဟိုကဆဲဆိုကျိန်တွယ်နေလိုက်တာကဖြင့် တစ်ရပ်လုံး မိုးမွှန်နေတာပဲ ကြောက်စရာလန့်စရာတော် လွန်လွန်မင်းမင်း သူ့ဟာစားရတာနဲ့ မကာမိပါဘူး"

"လီ သောက်ဂရုစိုက်လို့ကွာ။ ဆဲတာ ကျိန်တာလောက်တော့ တို့ချည်းမဟုတ်ပါဘူး။ ကျောင်းက ဘုန်းကြီးကြီးလည်း ပါပါသေးတယ်ကွ"

ဤစဉ်တွင် ဒေါ်ကြမ်းကြီးသည် သူ့အိမ်မှ သူနေ၍ ကျိန်ဆဲနေရသည်ကို အားမရနိုင်သည့် လက္ခဏာနှင့် ယခုသူကဲ့သို့ပင် ပစ္စည်းပျောက်မှုကြောင့် တောက်တီးမြည်တွန်မေတ္တာပို့နေသော အပျိုကြီး မဖွားရှင်၏ နေအိမ်သို့ ကူးပြောင်းလာကာ ခေတ္တမျှ တစ်ယောက်နှင့်တစ်ယောက် ကိုယ့်အဖြစ်ကိုယ် ပြောဆို လဲလှယ်ကြ၍ "ဟင် ငါက ကြက်ဖြူမလေး" "ကျွန်မက မဲနယ်ဘူး" ဟု တစ်ဦးနှင့်တစ်ဦး နှီးနှောကြပြီးနောက် နှစ်ယောက်ပြိုင်တူဆဲဆိုကျိန်တွယ်ကြပြန်လေ၏။

သို့ရာတွင် အသံကုန်လွှင့်ရာ၌ အပျိုကြီးမှာ မုဆိုးမကြီးလောက် အသံမကျယ်သဖြင့် ခေတ္တမျှအတွင်း ဒေါ်ကြမ်းကြီး၏အသံသည် မဖွားရှင်၏

mgyoe.com

mgyoe.com


အသံကို လွှမ်းခြုံလေ၍ မကြာမီ မဖွားရှင်၏ အသံမှာ တစ်စတစ်စကွယ်ပျောက်ရလေ၏။ ဤသည်ကို သတိပြုမိသော ကျွန်တော်သည် တင်းကုပ်ကို သိမ်းဆည်းနေရင်း "အင်း လောကလောက အစွမ်းပြကြတဲ့နေရာတွေမှာ အသံကျယ်ကျယ် ဟာစ်နိုင်သူဟာ မိမိလောက်မကျယ်သူကို လွှမ်းမိုးမြဲပါတကား" ဟု မဆီမဆိုင် ကိုယ့်ဟာကိုယ် ဘယ်ရောက်လို့ ဘာအဓိပ္ပာယ်ပေါက်မှန်းမသိ ပညာရှိသတိချပ်တတ် သူလိုလို ဗလုံးဗထွေး တွေးတောနေစဉ် ကျွန်တော့်မိန်းမက "ကြည့်ပါဦး ကိုတက်ပု၊ ဒီမိန်းမကြီးက ဟိုဘက်တန်းကနေပြီး ဒီဘက်တန်းတောင် ကူးလာပြန်ပြီ ကျုပ်တော့ သေသာသေလိုက်ချင်တော့တာပဲ" ဟု နားနှစ်ဖက်ပိတ်ကာ ခြေဆောင့်၍ ညည်းလိုက်သောကြောင့် ကျွန်တော့်မှာ ရုတ်တရက် စိတ်ကူးပေါက်လာသည်နှင့်...

"ကဲ ဟော့ မင်းဒီလောက်တောင် ဒီမိန်းမကြီးအသံမကြားချင်ရင် ငါလုပ်ပြမယ်ကွ" ဟု ပြောပြီး ၂ ပေခန့်မျှမြင့်သော အိမ်ဆင့်အောက်သို့ လေးဖက်ထောက် ဝင်သွားကာ ဝါးခြမ်းစ အချွန်ကလေးတစ်ခုကို ကောက်ခဲ့၍ ကိုယ်တုံးလုံး တင်ပျဉ်ခွေနှင့် ယခုတိုင် ကြက်ရိုးကိုက်နေသော သားတော်မောင်ဟာစ်တလုံး၏ ဖင်ကို ကြမ်းပေါက်ကြားမှ ဝါးချွန်စနှင့် ဆတ်ခနဲ ထိုးလိုက်လေ၏။

အပေါ်မှ ကြိုးနှင့် ဆွဲယူလိုက်သလို ဟာစ်တလုံး၏ကိုယ်သည် ထိုင်လျက်သားမှ တစ်ပေခန့် မြောက်သွားပြီး ပြန်အကျတွင် ဖင်ဆိပ်တက်သည်နှင့် ဝါးချွန်ထိုးနာ နှစ်ခုပေါင်း၍ ယခင့်ယခင်ကထက်ပင် ထူးထူးခြားခြားပြင်းထန်စွာ ငိုလေသဖြင့် အာခေါင်ထဲ၌ လောက်စပီကာ ပါသည်ဟု စွပ်စွဲခြင်းခံရသော ဟာစ်တလုံး၏ ထစ်ချုန်းလိုက်သော ငိုသံသည် မုဆိုးမဒေါ်ကြမ်းကြီး၏ ကျိန်ဆဲသံကို လွှမ်းမိုးသွားလေတော့မှ ကျွန်တော့်မိန်းမသည်သူ့သားအတွက် ကျွန်တော့်ကို ဆဲဆိုခြင်းသြဘာပေးလေသတည်း။

□

mgyoe.com

mgyoe.com

## ချိုချိုချို့ချင်ရို့

ကျွန်တော်၏အုံမာဒါနီ လေဒီတက်ပု(ဝါ) မဒမ်တက်ပု၏ ကိုယ်မူ လက်ဟန် ပုံသဏ္ဍာန်မှာ "တစ်နေ့တခြား ရေတက်ငါး" ကဲ့သို့ ထူးခြား ပြောင်းလဲလာခြင်းသည် သားတော်မောင် ဟစ်တလုံးအား ယခုလက်ရှိ "နို့စို့" ရာထူးမှနေ၍ "နို့ညှာ"ဘဝသို့ ပြောင်းရွှေ့စေမည့် အရိပ်လက္ခဏာများဖြစ် ကြောင်းကို သတိပြုမိသူတိုင်းပင် သိရှိနိုင်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတော် မျက်နှာကြီးအစိုးရ အမှုထမ်းများသည် မိမိလက်ရှိရာထူး ပြုတ်ကျမည်ကိုတော့ အသေအချာ သိသောအခါ၌ လက်မတင်ကလေး ထွက်စာတင်လိုက်ခြင်းအားဖြင့် ကိုယ့်အရှက်ကိုယ်ကာ ကွယ်တတ်ကြသော်လည်း ဤအရာရှိကြီးများလောက် ကလိမ်ဉာဏ်မရင့် သန်သော ကျွန်တော်၏သား ဟစ်တလုံးမှာမူ အလိုက်ကမ်းဆိုး မသိဘဲ မအေ၏နို့ကို စို့မြဲတိုင်းစို့လျက်ရှိနေရာ တစ်နေ့သော ဥပုသ်နေ့နံနက်ခင်း၌ ကျွန်တော်သည် ဘုန်းကြီးကျောင်းမှ လူလူသူသူ သီလယူ၍ ပြန်လာခဲ့သည် တွင် သားအမိနှစ်ယောက်သား ရင်ခွင်ပိုက်လျက် နို့တိုက်နေသည်ကို မြင်နေ ရသောကြောင့် ကျွန်တော်က...

"ဟော့ မနော် ဒီကောင်ကြီးကို ခုအခြေအနေထိ တိုက်နေရင် လူကြီးရော ကလေးပါ နှစ်ဦးစလုံး ထိခိုက်တတ်တယ်လို့ မြို့က ဟိုဆရာဝန်ကတော် လာတုန်းက ပြောသွားတာ မင်းမမှတ်မိတော့ဘူးလား။ ခေတ်ဗဟုသုတလေး ဘာလေးလည်း နည်းနည်းပါးပါး ဆည်းပူးဦးမှပေါ့ကွ" ဟု စေတနာနှင့်

mgyoe.com

mgyoe.com


ပြောလိုက်ရာ ဟစ်တလုံးသည် ကျွန်တော့်အား မျက်စိတစ်ချက် လှန်၍ကြည့်ပြီး နို့ကိုစို့မြဲတိုင်း စို့နေလျက် လင်ကို ရှိသေသော ကျွန်တော်၏ မိန်းမမူကားခေါင်းကို ဆတ်ခနဲ မော်လိုက်၍ မျက်စောင်းခဲကာ...

"ကိုတက်ပု ရှင်ကလာလိုက်မှဖြင့် အချိုကြီးနဲ့ချည်းပဲ ဘာလဲတော်က ဆရာဝန်ကတော်ပြောပြော မပြောပြော ဒါကို ကျုပ်သိတယ်ရှင့်၊ ဟောဒီရှင့်အမျိုးကလေးက သူစို့ချင်လို့ မစို့ရရင် နေမတဲ့လား၊ တစ်နိုင်ငံလုံး ပွက်လောရိုက်သွားအောင် ငိုပစ်လိုက်ဦးမှာ တော်မသိဘူးလား။ တော်တို့အမျိုးကိုက အာကျယ်မျိုး"

"ဟော့ ငါက အကောင်းပြောနေတာကွ မင်းစကားက ဘယ်ရောက်သွားတာလဲ တွေ့ကရာတွေ လျှောက်မပြောနဲ့ကွာ ငါ့ဥပုသ်ကြီးနဲ့ပါ"

"အံမယ် ကြီးကျယ်လိုက်တာ ဘာဥပုသ်လဲ တော့်၊ ဥပုသ်က ညနေထန်းတောမဝင်ခင် ဥပုသ်လား"

"ဟော့ ကောင်းမှုကုသိုလ် ပြုလုပ်လာတဲ့ဟာ ဒီလိုမပြောပါနဲ့ကွာ ကိုယ့်လင်သား သီလဘာ ယူလာတဲ့အခါမှာ ကုသိုလ်တစ်ဝက်ရအောင် ကောင်း ကောင်းမွန်မွန် ကျွေးမွေးပြုစုမယ်တော့ စိတ်မကူးဘဲနဲ့"

"အမယ်လေး အိမ်မှာရှိတဲ့ ထမင်းဟင်းအပြင် တော့်ကို ဘာများ ထူးထူးခြားခြားကျွေးမွေးပြုစုနေရဦးမှာလဲရှင့်"

"ထူးထူးခြားခြား ကျွေးမွေးရမယ် ပြောတာမဟုတ်ပါဘူးဟယ်၊ ဥပုသ်သည်ဆိုတော့ ဥပုသ်ဆွမ်းလေးဘာလေးနဲ့ တူအောင်သာ ကိုတက်တိုးအိမ်က နွားနို့အစိတ်သားလောက်ဝယ်ပြီးတော့ သကြားနဲ့ ထမင်းနဲ့ ကျိုစားချင်တယ်"

"အမယ်လေးတော် ပိုက်ဆံကုန်အောင်ပဲ သောက်မှုပွေလိုက်တာ။ အိမ်မှာရှိတဲ့ ငါးပိချက်နဲ့ ငါးခြောက်ဖုတ်လည်း တော်မစားတာနဲ့ အသက်ပြန်ရှင်ပြီး ရေထဲဆင်းမသွားပါဘူးရှင့်၊ ကြီးကြီးကျယ်ကျယ် ထွေလီကာလီများလိုက်တာ သီလယူတာပဲ နွားနို့နဲ့ စားမှ ကုသိုလ်ရတော့မယ့် အတိုင်းပဲ"

"မင်းဒီလို မပြောပါနဲ့ ကျောင်းက ကိုယ်တော်ကြီးလည်းပဲ နွားနို့နဲ့ သကြားနဲ့ စားချင်တယ်ဆိုပြီး ကိုဘအောင်ကို ကိုတက်တိုးကြီး၊ အိမ်လွှတ်နွားနို့ အယူခိုင်းတယ်သိလား။ အဲဒါနဲ့ ငါလည်း ကိုယ်တော်ကြီးသဘောကျပြီး၊ သူ့လိုစားဖို့ စိတ်ကူးပေါက်လာတာဟ"

mgyoe.com

mgyoe.com


"အမယ်လေးတော် ကိုယ်တော်ကြီးလို စားချင်ရင် ကိုယ်တော်ကြီးလို သက်န်းဝတ်နေပါလား"

"အမယ် နင်က ငါ့ကို တကယ်များသင်္ကန်းဝတ်မသွားဘူး မှတ်နေသလား။ တက်ပုတဲ့ဟော့ တက်ပု တက်ပုတို့များ တကယ်အကျွတ်တရားရသွားပြီဆိုတော့ သိဒ္ဓတ္ထမင်းသားကမှ တောထွက်ခါနီး ယသော်ဓယာနဲ့ သားတော်ရာဟုလာကို ကြာချည်လှပ်ကြည့်နေသေးတယ်။ တက်ပုကျတော့ ဟော့မင့်လိုမိန်းမသားနဲ့ သားဟာစ်တလုံးကို ခြင်ထောင်ဖွင့်ကြည့်မနေတော့ဘူး။ တစ်ခါတည်း ဆင်းပြေးမှာဟော့ နားလည်ရဲ့လား။ ဟင်း ငါ့များ ဘာအောက်မေ့လို့ပါလိမ့်။ အခု ဒီသားနဲ့ ဒီမယားမျက်နှာတွေ ထောက်နေလို့သာ သိရဲ့လား"

"အမလေးတော် ထောက်နေတော်မမူပါနဲ့ ကိုတက်ပုများ အကျွတ်တရားရရင် မြန်မြန်သာ ကြွတော်မူပါ။ ရှိကြီးခိုးပါရဲ့ တရားဦးများတောင်ပြန်ဟောမနေပါနဲ့တော့ ကျုပ်တို့သားအမိ အတွက်လည်း မပူပါနဲ့။ ကျုပ်အမေအိမ် ကျုပ်ပြန်နေပါ့မယ်"

"အမယ် မင်းက မင့်အမေ အားကိုးလေးနဲ့ ငါ့အာခံတာပေါ့လေ"

"အာခံတာ မဟုတ်ပါဘူးရှင်။ ကိုတက်ပု အကျွတ်တရားများရရင် သားမယားအတွက် မပူမပင် မကြောင့်မကြနဲ့ သွားနိုင်အောင်လို့ ပါရမီဖြည့်တဲ့ သဘောနဲ့ ပြောတာပါတော်"

"ဟော့ တော်ကွာ တော်တော် ငါဥပုသ်ကြီးနဲ့ လင်မယားရန်ဖြစ်မနေချင်ဘူး"

"ဘယ်သူက ဖြစ်ရမယ်ပြောလို့လဲရှင်"

"တော်ကွာ တော်ဆိုတော်ဟယ် နို့အစိတ်သားဖိုး ပိုက်ဆံသုံးမူးနဲ့ ဒန်ချိုင့်ကလေးသာပေးလိုက်။ လာ လူကလေး နွားနို့ဝယ်သွားရအောင် လိုက်ခဲ့" ဟုဆို၍ သားတော်မောင်အား လက်ကမ်းလိုက်ရာ နို့ကိုမဲစို့နေသော ဟာစ်တလုံးသည်နို့ကို ပြွတ်ခနဲမြည်အောင် ချွတ်လိုက်ပြီး ကျွန်တော့်ဘက်သို့ ရုတ်တရက် လှည့်လိုက်ကာ–

"မထော်နဲ့ ခညားဂျီး ကျနော့်ရန်ဒူ၊ ကျနော်ခရေးပေမယ့် မတိဘူး အောက်မေ့နဲ့ဂျ၊ ဟိုနေ့က ဦးရေးတိုဘအောင်က ထန်းရည်တောက်ရင်းနဲ့

mgyoe.com

mgyoe.com


ကျနော့ကို အစုံကြောကြတာ၊ ခညားကြီး ဉာဏ်တွေ အကုန်သိပါတယ်ဂျ၊ ဟင်း ကျနော်က ညညကျ အပ်ချနောင်ချောင်နေတာဂျ၊ ဟတ်ဟား ဟတ်ဟား" ဟု သွားပိုးစား သွားကျိုးများ ယောင်းလောင်းပေါ်အောင် အာခေါင်ကို ဖြဲ၍ ရယ်နေလေရာ၊ ကျွန်တော်မှာ မနေတတ်မထိုင်တတ်ဖြစ် သွားလျက် သူ့ကို ချော့မော့သောအသံနှင့်။

"လူကလေးကလည်းကွာ အဖေ့မှာ ဥပုသ်ကြီးနဲ့ တွေ့ကရာတွေ လျှောက်ပြောမနေပါနဲ့"

"ကဲ ဥပုသ်ကြီးနဲ့ချင့်.... ကျွန်တော်ကြောတာ ဟုတ်မဟုတ် ကြောဂျမ်းလေ... ဝါမပြောနဲ့" ဟု အချက်ကို ဖမ်းလိုက်ရာ၊ ကျွန်တော့်မှာ မလှုပ်သာတော့ပဲ သူ့အမေပါ သဘောကျရယ်မောနေသဖြင့်....

"အေး မအေကပါ ကလေးပြောတာရော ရယ်နေကွ၊ ကောင်းတော့တာပဲ" ဟု ရှက်ရမ်းရမ်းလိုက်၍ တစ်ဖန် ဟစ်တလုံးကိုကြည့်ကာ 'ကဲ လူကလေး ဒါတွေ လျှောက်ပြောမနေနဲ့တော့ လာအဖေနဲ့လိုက်ခဲ့၊ နွားနို့ အဝယ် သွားရအောင် မအေကြီးက ပိုက်ဆံသုံးမူးနဲ့ ဒန်ချိုင့်ပေးလိုက်ကွယ်"

"မပေးနိုင်ပေါင်တော်၊ ပိုင်ဆံအပိုကုန်အောင် မပေးဘူးလို့ ပြောနေတာပဲ"

"ပေးလိုက်ပါကွယ်... ငါ့ချည်းသောက်မှာ မဟုတ်ပါဘူး၊ မင်းနို့တိုက်သက်သာအောင် ဟစ်တလုံးလည်း တိုက်ရအောင်၊ သောက်မယ်မှုတ်လား လူကလေး" ဟု ကလေးကိုပါ အကူအညီတောင်းလိုက်ရာ၊ အဆင်သင့်ပင် နို့အာသာပြေလောက်အောင်စို့လို့ မရဖြစ်နေသော သားတော် မောင်က—

"အင်း ဟုတ်တယ်နော်နော်၊ ကျနော်လည်း နွားနို့တောက်ချင်တယ် ပေးလိုက်ပါ" ဟု ပြောသည့်တိုင်အောင် ထမနဲ့ဆန်လှသော ကျွန်တော့်မိန်းမက။

"လူကလေးကလည်းကွယ် နင့်အဖေ ရူးတိုင်းလိုက်မရူးပါနဲ့" ဟု တားဆီးလိုက်ပါသေးသည်။

သို့သော် လိုတာကိုချက်ချင်းမရလျှင် နောက်ထပ် ဘာမျှ ပြောမနေတော့ဘဲ သူ၏ထုံးစံအတိုင်း ဟစ်တလုံးဟူသော နာမည်နှင့်လိုက်အောင် ထစ်ချွန်း ငိုလိုက်တော့မည်ဟု ပါးစပ်ပြင်ကာ ခြေခွင်ကလေးနစ်ချက်မျှ ထိုး

mgyoe.com

mgyoe.com


လိုက်ရသေးသည် မကော်တရာမှာမနေနိုင်တော့ဘဲ ကျွန်တော့်အား မျက်စောင်းခဲလျက်။

"ကဲ ရော့... ရော့ သွားတော်မူကြပါ။ လူနာကြီးနော် သတိထားကလေးကိုပါ သူခိုးသေဖော်ညှိတယ်၊ အလုပ်ဖြင့် ကျောစန့်အောင် မလုပ်ချင်ဘဲနဲ့၊ တယ်ပြီး အကောင်းကလေးတော့ စားချင်တယ်" ဟု ဆိုပြီး စူစူအောင့်အောင့်နှင့် သူ့ရှင်မီး အင်္ကျီထဲမှ ပိုက်ဆံကို ထုတ်ပေးကာ "ကဲ သွားကြ ဒီနေ့တော့်လို ဥပုသ်သက်သတ်လွတ်စားတဲ့ လူတွေများလို့ နွားနို့တောင် ရပါဦးမလား"

"ရပါတယ်ဟယ်... လာ လူကလေးသွားမယ်"

"ရမှာပေါ့လေ ဦးလေး ကိုတက်တိုးကြီးက လောဘခပ်ကြီးကြီးနဲ့ ပိုက်ဆံမြင်ရင် နွားကလေးစို့ဖို့ တစ်စက်မှ မကျန်အောင် အတင်းဆွဲညှစ်ပေးမှာပေါ့။ တော်တို့က အိမ်မှာရှိတဲ့ သေပြီးသားငါးပိနဲ့ ငါးခြောက်ဖုတ်ကို သက်သက်လွတ်ရှောင်ပြီးတော့ ဟိုနွားကလေးပေါက်စန နို့ငတ်အောင် သူ့အမေကြီးဆီကနို့ကို မသဒ္ဒါရေစာ အတင်းညှစ်ပြီး သောက်ကြသိလား။ ဥပုသ်ဆွမ်းကုသိုလ်ကြီး အကြီးအကျယ်ကြီးရပါလိမ့်မယ်"

ကျွန်တော်သည် သူပိုက်ဆံနမြောတိုင်း ဗျစ်တီးဗျစ်တောက် ပြောနေသည်တို့ကို နားထောင်မနေတော့ဘဲ သားတော်မောင်အား ဒန်ချိုင့်ကိုကိုင်စေ၍ သူ့ကို ကျောပိုးကာ ကိုတက်တိုးကြီးအိမ်ဆီသို့ လျှောက်ခဲ့လေ၏။

ကျွန်တော်တို့ရောက်လျှင် ကိုယ်တော်ကြီးလွတ်လိုက်သော ကိုဘအောင်သည် ရောက်နှင့်နေ၍ ကိုတက်တိုးကြီးမှာ နွားမကို ညှစ်နေလျက် မနီးမဝေးရှိ သစ်ပင်၌ချီထားသော နွားကလေးမှာ မအေကြီးဆီ ရုန်းကန်လျက် တဘဲဘဲအော်နေ၏။

"ဟော့ မောင်တက်ပုတို့သားအဖပါလား ဘာလဲကွ နွားနို့လိုချင်လို့လား" ကိုတက်တိုးကြီးက မေးလိုက်ပါသည်။

"ဟုတ်ကဲ့ ဦးလေးတိုးရယ် ဒီနေ့သီလယူလေတော့... သက်သတ်လွတ် ဥပုသ်ဆွမ်းစားမယ်လို့"

"ကောင်းတာပေါ့ကွယ်... ဒီလိုဗြဟ္မာ့ပြည်က အပ်တစ်စင်း လူ့ပြည်က အပ်နဖားပေါက်ထဲ လာဝင်သလို အင်မတန် ခဲယဉ်းတဲ့ လူ့ဒုလ္လဘကြီးရတုန်း

mgyoe.com

mgyoe.com


ဒီလို ဥပုသ်သီလပါ စောင့်တဲ့အခါမှာ သက်သတ်လွတ်ဥပုသ်ဆွမ်းစားတာဟာ အင်မတန်မှ မွန်မြတ်သန့်ရှင်းတာပေါ့ကွယ်"

အနီးတွင် ချိုင့်ကိုင်၍ စောင့်နေသော ကိုဘအောင်က "အင်း နို့ဝယ်ဖို့ချည်းဆွယ် တရားဟောနေ သူ့နွားမကဖြင့် ဒီကဘုန်းကြီးဖို့ ၅၀ သားပြည့်အောင်မှ ရပါသေးရဲ့လား"

ကိုတက်တိုးကြီးသည် နို့ညှစ်ရာမှ၊

"ရပါတယ်ကွယ်... ငါ့နွားမက ညှစ်တိုင်း ထွက်တယ်ကွ။ တယ် ဒီနွားမက ပြောခါမှပဲ နို့ချမပေးပြန်ဘူး၊ ဟဲ့ချဟဲ့ ချ" ဟု ဆိုကာ လက်သီးဆုပ်၍ လက်ညှိုးနှင့်လက်မကွင်းဖြင့် နွားမကြီး၏ နို့အုံကို တဖျတ်ဖျတ် ဆောင့်နေပါသည်။

"တယ်... ခုထက်ထိမချပြန်ဘူး၊ မောင်ဘအောင်ရေ... နွားကလေးဆွဲခဲ့ဦးကွယ်"

ကိုဘအောင်သည် တဘဲဘဲနှင့်အော်၍ရုန်းနေသော နွားသားကလေးဆီသို့ လျှောက်သွားကာ ကြိုးဖြေလိုက်လျှင်ပင် နွားကလေးသည် နွားမကြီးဆီသို့ပြေး၍ နို့စို့လေ၏။ ကိုဘအောင်လည်း နောက်မှ ကော့ကလပ် ကော့ကလပ်နှင့် ကြိုးကိုင်ရင်း ပါသွားကာ နွားကလေးက နှစ်ချက်သုံးချက်မျှ ဆောင့်၍ စို့လိုက်သည်တွင် ကိုတက်တိုးကြီးက–

"မောင်ဘအောင်ရေ ပြန်ဆွဲတော့ဟေ့ ရလောက်ပြီ" ဟု ဆိုသဖြင့် ကိုဘအောင်သည် နွားကလေးကို အတင်းဆွဲလေသည်။ သို့သော် နွားကလေးမှာ တော်တော်နှင့်ဆွဲမရသဖြင့် ကိုတက်တိုးကြီးသည် အနီးရှိ လှည်းတံပိုးကြီးကို ချွတ်ကာ လေးငါးချက်မျှ တအားရိုက်လိုက်မှ နွားကလေးမှာ ကျောကော့ ပြေးလေ၏။ ဤတွင် တွေ့ကရာသိချင်သော ကျွန်တော့်သား ဟာစ်တလုံးက "အဖေ နွားရေးကိုနို့ရှို့ခိုင်းပြီးတော့ ဘာရို ရိုက်နေကြတာရဲ" ဟု မေးရာ သူ့အမေးကို ကျကျနနပြန်မဖြေလျှင် မပြီးသည်နှင့်၊

"နို့ကို စို့စေချင်လို့ စို့ခိုင်းတာမဟုတ်ဘူးကွ။ နွားမကြီးက သူ့သားကလေးအဖို့ နို့ကိုအောင့်ထားလို့ ဦးလေးတိုးကြီးက ညှစ်မရတာနဲ့ နွားကလေးယူပြီး အရောင်ပြခဏအစို့ ခိုင်းတာကွ။ နွားမကြီးက သူ့သားကလေးမြင်တော့ ငါ့သားကလေး စို့ပါစေဆိုပြီး နို့လည်းချပေးရော ဦးလေးတိုးကြီးက

mgyoe.com

mgyoe.com


နွားမကြီးနို့တွေ နွားကလေးမစို့ရအောင် အတင်းပြန်ခွာပြီး ရိုက်ဆွဲတာကွ"

"ဟင် နွားမကြီးက တုတားရေးတော့ နို့ချပေးတယ်၊ လူတော့မပေးချင်ဘူး"

"အေးပေါ့ကွာ လူတော့ ဘယ်ပေးချင်မလဲ သူ့သားတော့ သူတိုက်ချင်တာပေါ့"

"တုသားရေးကလည်း တိတ်ရှိုက်ချင်နေတာပဲနော်"

"အေးပေါ့ကွာ ဒါကြောင့် လွယ်လွယ်နဲ့ ဆွဲမရလို့ ရိုက်နေရတာပေါ့ကွ"

"အမယ်ရေး ကျနော်နို့ရှို့တုံးများဒီလိုလာဆွဲရင်တော့ ဓားနဲ့ထခုတ်မှာပဲ"

"အေးပေါ့ကွာ မင်းကတော့ လူကိုး။ သူတို့ကတော့ နွားပဲကွ"

ဤသို့လျှင် ကျွန်တော်တို့သားအဖသည် သင့်သင့်မြတ်မြတ်ပြောဆိုနေကြ၍ ကိုဘအောင်နှင့် ကိုတက်တိုးကြီးလည်း နွားကလေးကိုဆွဲလိုက် ရိုက်လိုက်နှင့် နွားမကြီးနို့ အတင်းညှစ်ကာ၊ နံနက် ၁၀ နာရီလောက်တွင် နို့ရ၍ ကျွန်တော်တို့ သားအဖပြန်ခဲ့ကြလေသည်။

× × ×

နွားနို့ အစိတ်သားကို သကြားနှင့်နို့ထမင်းလုပ်၍ စားကြသည်တွင် ဟစ်တလုံးမှာ အကြီးအကျယ် အကြိုက်တွေ့သွားလေသဖြင့် သူ့ကို နေ့တိုင်း ဤကဲ့သို့နို့ထမင်းလုပ်ကျွေးရမည်ဟု ပူဆာလေရာ၊ ကျွန်တော့်မိန်းမမှာ ကျွန်တော့်အား အစလုပ်ကျွေးရပါမည်လားဟု ဆူပူပြန်ပါတော့သည်။

ကျွန်တော်လည်း မယား၏ဆူပူသံကိုနားခံရင်း စိတ်ကူးရသည်နှင့်...

"ဟေ့ မနော်ရေ ကိုတက်တိုးကြီးက သူ့နွားမကြီးကို ရောင်းချင်သတဲ့ကွ... တို့ငွေပိုကလေးရှိနေတာ အဲဒီနို့စားနွားမကြီး ဝယ်ထားရင်း အပိုဝင်ငွေလည်းရမယ်၊ ဟော... မင့်သားလည်းပဲ နို့ဖြတ်လို့ရကရော မကောင်းဘူးလားဟေ့" ဟု အကြံပေးရာ၊ ဟစ်တလုံးကပါ သဘောကျသွား၍–

"ဟုတ်တယ်၊ နော်နော် ကျွန်တော်နွားနို့တောက်ရရင် နော်နော့်နို့ မကျို့တော့ဘူး။ နို့ပြီး ဟိုနွားနယ်နယ်ရေးရဲ့ ကျွန်တော်လိုချင်တယ်၊ ဝယ်နော်ဝယ်ပေးနော်" ဟု ကူညီပူဆာသည်တွင် ကျွန်တော့်အုံမာဒါနီသည် ကျွန်တော့်

mgyoe.com

mgyoe.com


ကို မျက်စောင်းခဲလိုက်ပြန်ကာ

"အင်း ကလေးကို သူတစ်မျိုးအကြံပေးပြန်ပြီ။ ဝယ်တာတော့ဟုတ်ပါရဲ့။ ဘယ်မလဲငွေက ငွေကလေး တစ်ရာ့ဆယ့်ငါးကျပ်ရှိတာ၊ အခုလာမယ့်ကျောင်းက တန်ဆောင်တိုင်ထီးတင်ပွဲမှာ ဆယ့်ငါးကျပ်လောက် ကုန်ရဦးမယ်။ တော့ဦးလေးတိုးနွားကြီးက ၁၀ဝ နဲ့ ရမတဲ့လားလို့"

"မသိသေးဘူးလေကွာ– ဒီလူကြီးကယေမယ့် စိတ်ရှုးပေါက်ရင်ရောင်းချင်ရောင်းတာ။ မင်းကြည့်ပါလား အရင်ကိုဝင်းစိန်ဆီက သူ ၉၅ ကျပ်နဲ့ ဝယ်တဲ့လှည်းတုန်းကများ သူ့လက်ထဲ ၄–၅–၁၀ ရက်လောက်ကြာတယ် ကိုဘအောင်ကို ၆၀ ထဲနဲ့ ရောင်းပစ်တာ"

"အဲဒီတုန်းကတော့ သူဖဲရှုံးနေတာကိုးရှင့်"

"အခုကော သိနိုင်လားကွာ– သူမကြာခဏ ကြက်ဝိုင်းသွားနေတာပဲ။ ငါထမင်းစားပြီးမှ ကိုဘအောင်ခေါ်သွားပြီး စကားတောက်ကြည့်ဦးမယ်"

× × ×

ကျွန်တော်ထမင်းစားပြီးသောအခါ သားကိုကျောပိုး၍ ထွက်လာသည်။ အဆင်သင့်ပင် လှည်းကဲ့အိမ် ရေနံသုတ်နေသော ကိုဘအောင်ကို တွေ့ရ၍ အကျိုးအကြောင်းပြောပြီး၊ ကိုတက်တိုးကြီးအိမ်သို့ခေါ်ခဲ့ပါသည်။

ရောက်လျှင် ဝက်စာကျွေးနေသော ကိုတက်တိုးကြီးကိုတွေ့ရ၍ ကိုဘအောင်က–

"ဦးလေးတိုးကြီးကဖြင့် နာမည်နဲ့လိုက်အောင်အတော့ကို စီးပွားတိုးနေတာပဲ။ အခုဝက်တွေက ၃ ကောင်တောင်လား။ ဘယ်တော့ပေါ်ဦးမလဲ။ တစ်ကောင်လောက်ပေါ်ဦးလေဗျာ စားရအောင်"

ဦးလေးတိုးကြီးသည် မျက်ပေါက်ခပ်ကျဉ်းကျဉ်းကို ပိတ်လုအောင်ပြုံးရယ်ကာ ဝက်နက်ကြီးတစ်ကောင်၏ကျောကိုပွတ်သပ်ရင်း–

"ဒီနက်ကြုတ်ကြီးကို တန်ဆောင်တိုင်မီ ပေါ်ရမယ်ကွ၊ ဘယ်လောက်များ၊ ထွက်မယ်တော့မသိဘူး"

ကိုဘအောင်သည် ဝက်၏လည်ကုပ်နှင့်ကျောပြင်ကို လက်နှစ်လုံးဖြင့် လျှောက်တိုင်းပြီး

"အင်း အစိတ် သုံးဆယ်တော့ထွက်မှာပဲ၊ ဦးလေးတိုးကြီးတော့ ပွဦး

mgyoe.com

mgyoe.com


မှာပဲ"

"မပွနဲ့ကွ၊ ဒါနဲ့ပဲတန်ဆောင်တိုင်ပွဲတော်နွဲ့ရမှာပဲ။ လာ အိမ်ပေါ်တက်ကြဦးလေကွာ။ လက်ဖက်ရည်ကြမ်းလေး ဘာလေးသောက်ရအောင် ဘာကိစ္စလာခဲ့ကြတာလဲကွ"

"ကိစ္စကတော့ တခြားမဟုတ်ပါဘူး၊ ဟောဒီတက်ပုတို့ သားအဖ ဦးလေးနွားမကြီး ဝယ်ချင်လို့တဲ့။ ရောင်းမယ် မဟုတ်လား"

"ရောင်းမယ်ကွာ။ ကြိုက်ဖိုးရရင် ဒီနွားမရောင်းဖြစ်ရင်တော့ ဟိုဝက်မပေါ်သေးဘူး"

"အဖိုးကဘယ်လောက်လဲဆိုစမ်းပါအုံး"

"ဆိုမနေပါဘူးကွာ။ တခြားလူတွေမှတ်လို့ ရောင်းဖိုး ၂၀၀ိပဲ"

"ဟာ များလွန်းတယ် ဦးလေးတိုးရယ်"

"ကဲ မင်းဘယ်လောက်ပေးနိုင်မလဲ ဆိုစမ်းပါဦး"

ကျွန်တော်သည် အတော်ကြာစဉ်းစားပြီးမှ အိမ်ကငွေတစ်ရာနှင့် အစိတ်တော့ဖြည့်၍ရှာမည်ဟု စိတ်ကူးကာ–

"တစ်ရာ့အစိတ်ပေးမယ်ဗျာ" ဟု ပြောလိုက်၏။

ကိုတက်တိုးသည် လေးဆေးစွာခေါင်းခါ၍–

"ဒါတော့ နည်းလွန်းတယ်ကွာ"

"နည်းလွန်းရင် ခင်ဗျားရောင်းနိုင်မယ့်အဖိုးလည်း ပြောဦးလေဗျာ" ဟု ကိုဘအောင်ကထောက်၏။

"၁၇၅ ကျပ်ရရင်တော့ရောင်းမယ်ကွာ။ ဒါတောင် ရှင်းရှင်းပြောရရင် တန်ဆောင်တိုင်ပွဲတော်မှာ ကစားဖို့ရောင်းတာဟေ့။ နို့မို့မရောင်းဘူးကွ"

ဤသို့လျှင် နွားအရောင်းအဝယ်မှာ ငွေ ၅၀ ကွာလျက်နေရာ၊ နွားပွဲစားကိုဘအောင်ကစေ့စပ်သဖြင့် နောက်ဆုံး၌ ၁၅၀ိနှင့် အရောင်းအဝယ်တည့်ကြပါသည်။

လူချင်းခွဲခါနီး၌ ကိုတက်တိုးကြီးက–

"ဟေ့ မောင်တက်ပု၊ ဝယ်ရင်နှစ်ရက်သုံးရက်အတွင်းဆွဲဟေ့။ နို့မို့ငါဟိုဝက်ကိုပေါ်ပြီးရင် မရောင်းတော့ဘူး" ဟု ပြောလိုက်သေး၏။

လမ်းရောက်သောအခါ ပွဲစားကိုဘအောင်က...

mgyoe.com

mgyoe.com


"ဟေ့ တက်ပု ဒီနွားမ ၁၅ဝိ ဟာ သိပ်ချောင်တာကွ။ မြန်မြန်ဝယ်၊ ဒီလူကြီးကစိတ်ရှုးပေါက်တုန်းရောင်းတာ။ ကိုကျော်နဲ့မျှားတွေ့ရင် ၂ဝဝိ တောင်ပေးရဲ့"

"ချောင်တော့ ချောင်ပါရဲ့ဗျာ၊ နို့ပေမဲ့ အိမ်မှာ ငွေ ၁ဝဝိ လောက်သာ ရှိတာ"

"၅ဝိ လောက်တော့ကွာ၊ မင်းမိန်းမကို ဒေါ်သိန်းတင်ဆီ အဆွဲခိုင်း ပေါ့ကွ"

"အေးဗျာ လာ ခင်ဗျားပါအိမ်လိုက်ပြီး မနော်ကို ကူတွန်းပေးပါဦး၊ သူက အင်တင်တင်ဗျ။ ညနေကျတော့ ထန်းတောဝင်ပြီး ပွဲသတ်တာပေါ့၊ ဟေ့ ဟစ်တလုံးမင်းကပါ ကူပြောနော်" ဟု ကျောပေါ်ကသားကိုပါ အကူ အညီ တောင်းလိုက်ရပါသည်။

အိမ်သို့ရောက်သောအခါ ဈေးအလွန်ချောင်ကြောင်း၊ ကိုတက်တိုးကြီး စိတ်ရူးပေါက်၍ ရောင်းကြောင်း၊ ဒီနွားမသားအမိ တက်လမ်းရှိကြောင်းနှင့် ကိုဘအောင်ကပါ ကူ၍ ကျွန်တော့်မိန်းမကိုပြောပြပါသည်။

"ဒါကတော့ဟုတ်ပါပြီရှင်၊ ငွေ ၅ဝိ လိုနေတာက ဘယ့်နှယ်လုပ်မလဲ။ ၁ဝဝိ လောက်ရရင် အကောင်းသားရှင့်"

"မတန်တဲ့ အဖိုးဆိုတော့လည်း ဘယ်ရမလဲကွာ။ မင်းနားတောင်းနဲ့ ဆွဲကြိုးကလေးကို သွားပေါင်ကွာ"

"အင်း လုပ်လာပြီ။ ကျုပ်အဖေကပေးလိုက်တဲ့ ပစ္စည်းကို သူကဖြင့် တစ်ရွေးသားမှဝယ်မဆင်နိုင်ဘဲနဲ့"

"အို ငါတတ်နိုင်တော့ မင်းတစ်ကိုယ်လုံးစိန်တွေ ရွှေတွေ မွှန်းထားမှာ ပေါ့ကွ"

"အင်း ဆင်နိုင်ပါလိမ့်မယ်။ ပိုက်ဆံကလေးရှိလာရင် ထန်းရည်လေး သောက်လိုက်တာနဲ့ ဖဲရိုက်လိုက်တာနဲ့၊ ကြက်တိုက်လိုက်တာနဲ့"

"ဘာဖြစ်ဖြစ်ကွာ။ ငါအခုလိမ္မာနေပြီ၊ သွားပါကွာ ငွေ ၅ဝိရအောင် သာပေါင်ချေပါ။ ကောက်ပြတ်ပေါ်တော့ ရွေးတာပေါ့"

"ဟုတ်တယ်နော်နော်ရယ်။ နွားမဝယ်ပြီးရင် နော်နော် နို့မရှို့တော့ဘူး" ဟု သားတော်မောင်ကပါ ကူညီပြောသဖြင့် နောက်ဆုံးတွင် မနေသာတော့ဘဲ

mgyoe.com

mgyoe.com


သူ့နားတောင်းနှင့်ဆွဲကြိုးကို လက်ကိုင်ပဝါလေးတစ်ခုဖြင့်ထုပ်ကာ ဒေါ်သိန်းတင်ဆီသို့ သွားရလေ၏။

× × ×

ကျွန်တော်မိန်းမပြန်မလာမီပင် နေစောင်းခဲ့ပြီဖြစ်၍ နွားပွဲစားလုပ်သူကိုဘအောင်က...

"ကဲ ဟေ့ တက်ပု၊ အရောင်းအဝယ်ကတော့ သေချာပါပြီ။ ပွဲသတ်ကွာ၊ ထန်းတောသွားကြစို့" ဟု ပွဲစားကအရင်လိုနေသဖြင့် ဟစ်တလုံးပါ ၃ ယောက်သားထန်းတောရောက်ခဲ့ကြကာ ကိုချစ်ဆွေကြီးထံမှ ထန်းရည်တစ်ကျည်တောက်မှာ၍ သောက်ကြလေ၏။

ကျည်တောက်ပြောင်ခါနီး၍ ခပ်ထွေထွေဖြစ်လာချိန် ကျွန်တော့်မိန်းမသည် ဒေါနှင့်မောနှင့် လိုက်လာကာ...

"ဟင် ကိုတက်ပု၊ ရှင်ဥပုသ်စောင့်တယ်ဆို"

ကျွန်တော်မျက်လုံးပြူးကာ...

"ဟယ် ဟုတ်ပါရဲ့၊ ကျွန်တော် ခုမှ သတိရတယ် ကိုဘအောင်"

"ကိစ္စမရှိပါဘူးကွာ။ သီလဆိုတာ ထန်းပင်မြင်ပျောက်တာပဲ"

"ဒါကြောင့် ရှင့် ကျွန်မပြောတယ်မဟုတ်လား၊ ရှင့်ဥပုသ်ဟာ ထန်းတောဝင် ဥပုသ်လို့"

"အေးကွာ... မင်းပြောတာ မှန်တာပေါ့၊ ငါ့မိန်းမက ပညာရှိကွ။ ဒါကြောင့် ချစ်စရာကောင်းတာ"

"တော်စမ်းပါ အမူးစကားတွေ၊ အခု ကိုဘအောင်ကို ပွဲသတ်နေတာလေ ဟုတ်လား"

"အေးလကွာ... နေ့ကောင်း မကောင်း ကျောင်းဆရာဦးအုံးဖေဆီသွားမေးပြီး ကိုတက်တိုးကြီးအိမ် သွားတော့မှာပဲ"

"အင်း သွားနေ ငွေမရခဲ့ဘူးသိရဲ့လား"

"ဟင် ဘာကြောင့်"

"ဒေါ်သိန်းတင်က အခုလာမယ့် ဘုရားပွဲမှာ ဈေးရောင်းချင်တဲ့လူတွေကို ထုတ်ချေးလိုက်ရလို့ ငွေမကျန်တော့ဘူးတဲ့"

"သူ့ဆီကမရကော ဘာအရေးကြီးလဲကွ။ အပေါင်ပစ္စည်းနဲ့ပဲ။ ဆရာ

mgyoe.com

mgyoe.com


ကတော် မနုယဉ်ဆီ သွားထားရမှာပေါ့။ ဟုတ်ဘူးလားကိုဘအောင် မနုယဉ်နဲ့ခင်ဗျားနဲ့ ခင်သားပဲ"

"ငါပြောပေးရင် ရပါတယ်ကွာ"

"ပေါင်ဖို့ပစ္စည်းမရှိတော့ဘူးရှင့်"

"ဟင် ဘယ်ရောက်သွားလဲ"

"လမ်းမှာ အမေနဲ့တွေ့လို့ အကျိုးအကြောင်းပြောပြတော့။ ဒါ ငါလုပ်ပေးလိုက်တဲ့ပစ္စည်း၊ နင့်လင်လုပ်စာမဟုတ်ဘူး။ မပေါင်ရဘူးတဲ့ ဆိုပြီး အတင်းပြန်ယူသွားတယ်"

"တယ် ဒီယောက္ခမကြီးနှယ်၊ ယောက္ခမများ ဇောဓိကုက္ကိုညောင်ထိုထို ဘယ်လိုယောက္ခမမှ မကောင်းဘူး။ ဒီမြေးကလေးတွေ အတွက် ဝယ်မယ့်ဟာ တောင် လိုက်ပြီး ကဖျက်ယဖျက် ဒီကနေ့ကစပြီး မင်းအမေကို ငါ့ယောက္ခမ အဖြစ်က ပြတ်စဲကြောင်း သတင်းစာထဲမှာ ကြော်ငြာမယ်ဟေ့ သိရဲ့လား"

"တယ် ကြီးကျယ်လိုက်တာပဲ။ ဒါဖြင့် ကျွန်မကိုပါ မယားအဖြစ်က ပြတ်စဲကြောင်း ကြော်ငြာပါလား"

"ဟင် ဒါကတော့မကြော်ငြာနိုင်ဘူး။ လက်ညှိုးမကောင်း လက်ညှိုး၊ လက်မမကောင်းလက်မပဲ။ မင်းကတော့ အခု ကောင်းနေတာပဲကွ။ ဟဲ ဟဲ ဟဲ ဟဲဟဲ"

"တော်စမ်းပါ အရှူးစကားတွေ၊ သူမူးရင် အရှက်မရှိတော့ဘူး"

"ဟေ့ လူကလေး၊ မင်းကပါ မြေးအဘွားအဖြစ်က ပြတ်စဲကြောင်း ကြော်ငြာကွ"

"ဘာခြစ်လို့လဲဂျ"

"အခုလေ မင်းအဘွား လျှာရှည်မကြီးက၊ မင်းအတွက် နွားမ ဝယ်ဖို့ ပေါင်မယ့်ပစ္စည်းကို ပြန်ယူသွားသတဲ့ကွ"

"ဟင် ဒါဖြင့် မဝယ်ရတော့ဘူးလား"

"ငွေမှမပြည့်တာ ဘယ့်နှယ်လုပ်မလဲ"

"ဟင် ဝယ်ရမယ်၊ ဝယ်ရမယ် ဟုဆိုကာ လက်ထဲမှထမင်းရည် ခွက်အုန်းမှုတ်ကို ပစ်ချလိုက်ပြီး ခြေခွင်ထိုး၍ ငိုရန် ဟန်ပြင်တော့သည်တွင် ကျွန်တော်က "ဟေ့ ဟေ့ မငိုနဲ့မငိုနဲ့ ငါ့သားမျက်ရည် မြေမကျရဘူး၊ လာလာလူကလေး'

mgyoe.com

mgyoe.com


ဟုဆိုကာ ကလေးကိုကျောပိုးပြီး မတ်တတ်ထ၍။

"အဖေမရ ရအောင်ဝယ်ပေးမယ်။ ယောက်ျားပဲ လူမသေငွေမရှားပါဘူးကွာ။ ဟော့ မနော် မင်းအမေကော်တစ်ရာကပ်စေးနဲ့ ပလာစတာမကြီးကို ပြောထားလိုက်၊ တက်ပုတို့ကောင်းစားလာရင် အိမ်ဦးခန်းမပြောနဲ့ အိမ်သာနားတောင်မလာရဘူးလို့ သိရဲ့လား"

"ပြောပါ့မယ်တော် ပြောပါ့မယ်။ ဘယ်တော့ ကောင်းစားမလဲတော့ မသိဘူး"

"မင်းက လူကို သည်လို အညွန့်ကျိုးစကား မပြောပါနဲ့ကွာ။ ယောက်ျားတံခွန် လူရည်ချွန်ကောင်းကင် တမွတ်ကြယ်ကိုဆွတ်တဲ့ကွ။ လူရဲ့ကံကို သိနိုင်သလား"

ကိုဘအောင်ကထောက်၍...

"အေးပေါ့ကွာ။ ဘယ်သိနိုင်မလဲ လူဆိုတာ လုံထမ်းလာတာကိုသာ မြင်ရတယ်။ စားမြှောင်ဖွင့်လာတာကို ဘယ်မြင်ရမလဲကွ"

"ဒါပေါ့ဗျာ...ကိုဘအောင်နှယ် လာ ကိုတက်တိုးကြီးဆီသွားပြီး တစ်ရာနဲ့ရအောင် သွားဆစ်မယ်။ မရရင် ကျန်တာ ကောက်မြက်ပေါ်ပေး အကြွေးဝယ်မယ်"

"ဒါကောင်းပါတယ်ကွာ... ယောက်ျားပဲ။ လူမသေကြွေးချည်းပေါ့၊ ဆင်းရဲလှတစ်သက်၊ သေမြေကြီး ရှင်အကာပဲဟာ အကြွေးရယူသာယူကွ"

ကျောပေါ်က ဟစ်တလုံးပါ ကျွန်တော်တို့ သုံးယောက်သား မနော်နှင့် ခွဲ၍ ကိုတက်တိုးကြီးအိမ်သို့ သွားကြပြန်ပါသည်။

အကျိုးအကြောင်းကို ပြောပြသည်တွင် ကိုတက်တိုးကြီးမှာ လျှော့ဖို့ မဆိုထားနှင့် အကြွေးဆိုင်းဖို့ကိုပင်...

"ဟော့ ငါက အကြွေးဆိုရင် အိမ်က မိန်းမတောင် အကြွေးမထားတဲ့ လက်ငင်းချက်ချင်းသမားကွ" ဟု ပြောပြီး။

"အဲဒါပဲဟော့ တက်ပု၊ နှစ်ရက် သုံးရက်အတွင်း မင်း ဒီနွားမကို ဝယ်နိုင်ရင်ဝယ် မဝယ်နိုင်ရင်တော့ ပွဲတော်မီ ငါ့ဝက်ကြီးကို ပေါ်လိုက်မှာပဲ" ဟု ပြောလိုက်သဖြင့် ကျွန်တော်သည် ဟစ်တလုံးအား တစ်မျိုးတစ်ဖုံ လှည့်ပတ်ချော့မော့၍ အိမ်သို့ပြန်ခဲ့ရပါသည်။

mgyoe.com

mgyoe.com


နှစ်ရက်သုံးရက်အတွင်း၌ ကျွန်တော်သည် မိမိ၏ လူစွမ်းဖြင့် ငွေ ၅၀ ကို မရရအောင် ရှာမည်ဟု မိန်းမအား ကြွားလျက် ယောကျ်ားကောင်းပီပီ ရှိသမျှ သိသမျှ မိတ်ဆွေဆွေမျိုးတို့ထံမှ တစ်ယောက်မကျန် လိုက်လံချေးငှားပါးသော်လည်း ဉာဏကာန်၏ မေတ္တာရိပ်မြုံကြောင့် တစ်ပြားတစ်ချပ်မျှ မရသဖြင့် လေးရက်မြောက်သောနေ့တွင် ကိုတက်တိုးကြီးအိမ်မှ ဝက်ကြီးကို ထုသံ ကျွိခနဲကြားလိုက်ရပါတော့သည်။

လူပုဂင်တို ကိုတက်တိုးကြီး၏ လက်သံမှာ တစ်ချက်တည်းနှင့် ဝက်ကြီး၏ ဇီဝိန်ကို ခြွေလိုက်၍ ကျွန်တော့်သားအား နို့စားနွားမနှင့် ဝေးကွာစေပါတော့သည်။ သို့သော် ဟာစ်တလုံးမူကား ဤအထိမသိဘဲ ဝက်သားစားရတော့မည်ဟုသာ အူမြူးလျက် ဝက်အော်သံ ကြားလျှင်ကြားချင်း သူ့အမေကို ဝက်သားဝယ်လွှတ်လိုက်ပါတော့သည်။

× × ×

ဂျပန်ခေတ်ကပင်လျှင် အမျိုးအမည် မထင်ရှားသော သူကောင်းသားတစ်စုတို့က ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းရှိ (ဘုန်းကြီးအားပြ) ဘုရားကြီး၏ စိန်ဖူးတော်ကို ညဦးအချိန်မတော် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့ အိပ်ပျော်ခိုက် သံတံချူနှင့် ဆွတ်ချူသွားသဖြင့် ထီးတော်မှာ ငှက်မြတ်နားအထိ ကျိုးပဲ့လျက်ရှိရာ ကိုယ်တော်ကြီးသည် အစားပြင်ရန် နှစ်ရှည်လများ ဆွယ်တရားဟောလျက် ရှိသည်တွင် နောက်တစ်လလောက်ကမှ မယားအထွေးကလေးလင်ငယ်နောက် လိုက်သွားသောကြောင့် စိတ်ညစ်နေသည့်အသက် ၆၀ ကျော် ပုဂ္ဂိုလ်ထူးနှင့် အဆင်သင့် သွားပါ၍ ကျွန်တော်တို့ရွာ၌ ထီးတင်ပွဲကို စီမံနေကြပါသည်။

ဤထီးပြင် ထီးတင်ပွဲမှာ နှစ်စဉ်လုပ်နေကျ၊ တန်ဆောင်တိုင်ပွဲတော်နှင့် ပူးတွဲလုပ်မည်ဖြစ်၍ ယခုနှစ် ကျွန်တော်တို့ရွာက ဘုရားပွဲတော်ကြီးမှာ ငါးရက်မျှ ကြာမည်ဖြစ်သောကြောင့် အနီးပတ်ဝန်းကျင်မှလည်းကောင်း၊ မြို့မှလည်းကောင်း၊ ပွဲဈေးရောင်းမည့်သူများမှာ အကြိတ်အနယ်လာလျက်ရှိရာ ကျွန်တော်မှာ ကိုယ်တော်ကြီး၏ အော်ဒါဖြင့် ပွဲဈေးတန်းနေရာတို့ကို စီမံခန့်ခွဲရသော အရာရှိတစ်ယောက်ဖြစ်သွားပါသည်။

ယခုခေတ်သစ် ဗမာပြည်၏ စေတနာဝန်ထမ်း ယောင်ယောင် အကျိုး

mgyoe.com

mgyoe.com


ဆောင်ပုဂ္ဂိုလ်တို့၏ ထုံးစံအတိုင်း ကျွန်တော်မှာ နေရာကောင်းလိုချင်သူတို့ကို မျက်နှာလိုက်ခြင်းအားဖြင့် အတော်ပင် ထန်းရည်ဖိုးရလျက်ရှိရာလှပသော ညနေခင်းတစ်ခု၌ ချောမောသော မိန်းမပျိုတစ်ယောက်နှင့် ခန့်ထည်သော အဒေါ်ကြီးတစ်ယောက်သည် လမ်းနံဘေးငုတ်စိုက်နေသော ကျွန်တော်၏ အနီးသို့ ရောက်လာကာ အဒေါ်ကြီးက

"မောင်ရင်က ပွဲဈေးတန်း နေရာစီမံတဲ့လူထင်ပါရဲ့ကွယ်" ဟု ပြော လိုက်ပါသည်။

အမှန်အားဖြင့် ကျွန်တော်မှာ ဤကဲ့သို့မေးလာလျှင် ဖွတ်မိကျောင်းဖြစ် နေသော ခေတ်သစ် အရာရှိတို့၏ သောက်ကျင့်အတိုင်း...

"မထင်နဲ့ ဟုတ်တယ်၊ ဘာကြောင့်မေးတာလဲ" ဟု ရာဇရှိန်ဟောက် လိုက်မည် ဖြစ်သော်လည်း ယခုမူ အဒေါ်ကြီးနောက်ပါးက ချောမောလှပ သော အမောက်ထောင်မကလေး၏ မျက်နှာကို ထောက်ထား၍...

"ဒေါ်ဒေါ်ထင်တာ မလွဲပါဘူး ခင်ဗျာ" ဟု သမက်လောင်း၏ လေသံ မျိုးကလေးဖြင့် ပြောလိုက်မိပါသည်။

"နာမည်က ဘယ်လိုခေါ်ပါသလဲမောင်ရင်"

"မောင်တက်ပုလို့ ခေါ်ပါတယ်ခင်ဗျာ"

"ဒေါ်ဒေါ်နာမည်ကတော့ ဒေါ်ဒေါ်သိန်း။ ဟောဒီသမီးနာမည်က ကြည်ကြည်ကွဲ့" ဟု ပြောလိုက်သည်တွင် သမီးဖြစ်သူက မင်တန် မျက်ခုံးမွေး နှင့် မျက်လုံးကစားလိုက်ရာ ကျွန်တော့်မှာ အူယား၍ သွားပြီးလျှင်။

"ဟုတ်ကဲ့ခင်ဗျာ။ ဝမ်းသာပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်ခင် ဗျာ" ဟု မပြောဖူးသော ပြောမိပြောရာစကားတို့ကို ပြောလိုက်မိပါသည်။

"ဒေါ်ဒေါ်တို့ သားအမိကကွယ် ဒီပွဲဈေးမှာအကြော်နဲ့ လက်သုပ်ဆိုင် ကလေး ထွက်ချင်လို့ နေရာကောင်းကလေး ရအောင်မောင်တက်ပုကိုပဲ အား ကိုးရတော့မှာပဲကွယ်" ဟု ပြောလိုက်သည်တွင် ကျွန်တော့်မှာ အခြားသူများ နဲ့တုန်းကကဲ့သို့ "အောက်ဆိုက်မန်းနီး" ညှဉ်းဖို့ကို မဆိုထားဘိ၊ အမောက် ထောင်မြို့သူမကလေး၏ မျက်နှာကိုကြည့်ပြီး သောက်ပြီးသား ထန်းရည်ကိုပင် အန်ထုတ်ပေးချင်စိတ်ပေါ်ကာ...

"ဟာ စိတ်ချပါခင်ဗျာ၊ အကောင်းဆုံးနေရာ အခုရပါစေ့မယ်ခင်ဗျာ။"

mgyoe.com

mgyoe.com


ဒေါ်ဒေါ်ကြိုက်တဲ့ နေရာဆိုရင်ပေးပြီးသားနေရာကိုတောင် ဖယ်ပေးခိုင်းပါ မယ်ခင်ဗျာ" ဟု ဒလဟော ဒိုး သွန်မိပါသည်။

"ဒေါ်ဒေါ်တို့က တွေ့ရင် အင်မတန် ခင်တတ်ပါတယ်ကွယ်"

"ဟာ ကျွန်တော်ကလည်း သိပ်ခင်တတ်တာပဲခင်ဗျာ"

"ဝမ်းသာတယ်ကွယ်။ ဒီပွဲမှာတော့ မင်းနှမ မင်းပဲစောင့်ရှောက်ပါ ကွယ်"

"ဟာ... စိတ်ချပါခင်ဗျာ"

"တောပွဲက လူဆိုးသူဆိုးများရှိမလားလို့"

ဟာ ဒီအတွက် မပူပါနဲ့ခင်ဗျာ၊ ကျွန်တော် အသက်နဲ့လဲ စောင့် ရှောက်ပါ့မယ်။ ဒီအရပ်မှာ ကျွန်တော့်အပြင် ဗိုလ်မရှိပါဘူး' ဟု အပိုကြွား လိုက်ပါသေးသည်။

ဤသို့လျှင် ကျွန်တော်မှာ အဒေါ်ကြီးသားအမိနှင့် ပလဲနံပသင့်ကာ။ အမူပိုပို မြို့သူ ပျိုကလေးကို သွားရည်ယိုလျက် အကောင်းဆုံးနေရာကို ပေးလိုက် သည်သာမက အိမ်မှာရှိသော ဝါးနှင့် သက်ငယ်များကိုပင် မယားမသိအောင် တိတ်တိတ်ခိုးယူ၍ တဲထိုးပေးလိုက်ပါသေးသည်။

ဒေါ်ဒေါ်သိန်းသားအမိမှာလည်း ကျွန်တော့်ကို အထူးကျေးဇူးတင်ကြ လျက် ကြည်ကြည်နှင့် ကျွန်တော်မှာ အကြီးအကျယ်၊ ရင်းနှီးကြကာ၊ "အကြည် ရေ" "ကိုကိုတက်ကော" နှင့် ကျွန်တော့် စိတ်ထဲတွင် အဝီစိပွက်၍ နေပါတော့ သည်။

× × ×

ဤကဲ့သို့ ကျွန်တော့်စိတ်ထဲတွင် အကျောက်အကန်ဖောက်ပြန်လျက် အိမ်ကသားမယားကိုပင် မေ့အောင် ဖိမ်တွေ့နေရာ နှစ်ရက်မြောက်သောနေ့၌ (တေက်ပု တစ်ယောက်ပေါ်ပေါက်တိုးနေတယ်) ဟူသော သတင်းဆိုးမှာ ကျွန်တော့်မယားနားသို့ ရောက်သွားသည်ဖြစ်၍ ကျွန်တော့်အား အကြီး အကျယ် ဆူပါတော့သည်။ ထိုနေ့သည် ပွဲစပြီဖြစ်၍ မြို့ကမိန်းမချော့သည် များပါ အိမ်၌ရောက်နေကြသည်နှင့် မိန်းမတစ်ယောက်က။

"မနော်ရယ် သူ့ဆူနေလို့အပိုပေါ့။ လူပျိုမဟုတ်မှန်းသိအောင် သူ့သား ကို သူနဲ့အတူ ထည့်လိုက်တာပေါ့" ဟု အကြံပေးသဖြင့် ကျွန်တော့်နောက်

mgyoe.com

mgyoe.com


မှ ဟစ်တလုံးတစ်ယောက် တကောက်ကောက်နှင့် ပါလာတော့သည်။ ကျွန်တော့်မိန်းမမူကား ကျွန်တော့်ကို ဂရုမစိုက်တော့ဘဲ ဟစ်တလုံးတာဝန် အေး၍ သူတို့မိန်းမဖော် အပျိုတစ်သိုက်နှင့် အပျော်ဆိုက်၍ နေပါတော့သည်။

သို့သော် ကျွန်တော်က (လူလည်) ဟစ်တလုံးက (လူလိမ္မာ) ဖြစ်၍ သားမယားနဲ့မှန်းမသိရအောင် သားအဖနှစ်ယောက် တိုင်ပင်ကြပါသည်။

လူလစ်သောနေရာ၌

"ဟေ့ လူကလေး"

"ဘာရဲ"

"မင်းအမေဟာမကောင်းဘူး။ မင်းကိုဂရုမစိုက်ဘူး။ သူတို့ မိန်းမဖော် တစ်သိုက်နဲ့သာ အပျိုလုပ်လည်နေတယ်'

"ဟုတ်တယ်"

"မင်းကိုနို့လည်းမတိုက်ချင်ဘူး။ နို့ပြီး ဟိုနွားမကြီးဝယ်ဖို့ဟာလည်း သူမ ဝယ်ချင်လို့ နားတောင်းနဲ့ ဆွဲကြိုးကို သူ့အမေယူသွားတယ်လို့ပြောတယ်။ အခုတော့ ကိုတက်တိုးကြီးက ဝက်ပေါ်ပြီးလို့ နွားမရောင်းတော့ဘူးဆိုမှ သူ့ ကိုယ်မှာ ဝတ်ထားလိုက်တာ ကျော့လို့ကွ"

"ဟုတ်တယ်"

"အလကား မင်းကို နို့မစို့ရအောင်လုပ်တာ။ နို့ပြီးသူကလည်း နို့မတိုက် ချင်ဘူး။ အပျိုလုပ်နေတယ်"

"ဟုတ်တယ်"

"ဒါပေမဲ့ တိုက်တောင် သူ့ချိုချိုက မကောင်းတော့ပါဘူးကွာ။ ရေရော တဲ့ ထန်းရည်လို ပေါ့ပျက်ပျက်ကြီး ဖြစ်နေပါပြီ။ အဲဒီတော့ ငါ့သားကို ချိုချို ကောင်းကောင်း စို့ရအောင် အဖေကြံမယ်။ အခုချိုချိုဘူးအကြီးကြီးနဲ့ အပျိုမ ကလေးတစ်ယောက်ကို အဖေတွေ့ထားတယ်ကွ"

"အင်း"

"မင်းမြင်ရင်တော့ သိပ်စို့ချင်မှာပဲကွာ။ သူ့ချိုချိုဘူးက သိပ်လှတာပဲ"

"အင်း အဂျူစို့ရမှာလား"

"ဘယ်ဟုတ်မလဲကွ... အဖေနဲ့ သူနဲ့ ညားတော့မှ မင်းအမေဖြစ်ပြီး စို့ရမှာပေါ့"

mgyoe.com

mgyoe.com


"ဘယ်တော့သွားမှာရဲ"

"မင်းလိမ္မာရင် လိမ္မာသလို မြန်မြန်သွားမှာပေါ့"

"အနော် ဘယ်ရှိရိမ်မာရမှာလဲ"

"သူကငါ့ကို လူပျိုလို့ထင်အောင် မင်းကငါ့ကို အဖေမခေါ်နဲ့။ ဦးလေးလို့ခေါ်"

"အင်း"

"ခေါ်ကြည့်စမ်း"

"အဖေ"

"ဟာ မဟုတ်ဘူးကွ... ဦးလေးလို့ ခေါ်ရမှာ... ခေါ်စမ်း"

"ဦးရေး"

"ဟုတ်ပြီမမေ့နဲ့နော်။ သတိထားခေါ်စမ်းပါဦး"

"ဦးရေး"

"အေး... ဟုတ်ပြီ။ ဒါအရေးကြီးတယ်ကွ။ တစ်ချက်လွဲရင် အရှက်ကွဲပဲ။ ကြပ်ကြပ်သတိထားနော်။ မင်းအမေကိုလည်း မပြောနဲ့"

"အင်း"

"ကဲ ခေါ်စမ်းပါဦး"

"ဦးရေး"

"အဲဟုတ်ပြီ... ဒါမှ ငါ့သားကွ"

"ခညားကလည်း အနော့ကိုငါ့သားမခေါ်နဲ့လေ"

"အေး ဟုတ်ပြီ။ မင်းပြောတာမှန်တယ်။ ငါ့တူဟိုရောက်တော့ မင်းကြပ်ကြပ်သတိထားနော်"

"ခညားကလည်း ကြပ်ကြပ်သယိထားပါ"

"အေး ကောင်းပြီ စိမ်လိုက် လာသွားကြစို့"

ကျွန်တော်တို့သည် ဤသို့စည်းဝါးတကျ တိုင်ပင်ပြီးမှဟစ်တလုံး ကျောပိုး၍ ဒေါ်ဒေါ်သိန်း၏ ဆိုင်ဆီသို့ သွားကြပါသည်။ ဆိုင်အနီးသို့ရောက်လျှင် နှုတ်ခမ်းနီပါးနီတွေနှင့် အလှပြင်၍ ဆိုင်ထွက်နေသော ကြည်ကြည်ကို ပြကာ။

"ဟော့ ဟစ်တလုံး ငါပြောတာသူပဲကွ။ ကြည့်စမ်းချိုချိုဘူးကြီး ဘယ်

mgyoe.com

mgyoe.com


လောက်ကောင်းလဲလို့"

"အယ် ဟုတ်တယ် အမေ့ထက်တောင်ကြီးသေးတယ်"

"မင်းစို့မယ်မဟုတ်လား"

"အဂုရှိ့မယ်"

"နေဦးဟောကွာ... ငါတို့ချင်း အရင်ဟန်အောင်လုပ်ဦးမှပေါ့ကွ မင်း သတိထားနော်"

"ရှိတ်ချပါဂျာ"

ဆိုင်ထဲသို့ဝင်မိကြလျှင် ကျွန်တော်က...

"ဒေါ်ဒေါ်ရေ အကြည်ရေ ဟော့ ဒါကျွန်တော့်တူကလေးပဲ၊ ကျွန်တော့် အစ်မက မွေးတာ"

"ဟော့ ဟုတ်လား ချစ်စရာကြီးပါလားကွယ် လာ လာ မေမေကြီးဆီ လာစမ်းကွယ်" ဟု ထုံးစံအတိုင်း ဆိုကာ ဒေါ်ဒေါ်သိန်းကယူ၍ ချီပြီး စားစ ရာများကို ကျွေးပါသည်။

အလွန်လိမ္မာသော ဟစ်တလုံးသည် ဘူးသီးကြော်တစ်ခုကို ကျွန်တော့် အား လှမ်းပေးရင်း...

"ရော့ ဦးရေး စားဦးရေ" ဟု ဆိုလိုက်ရာ၊ ကြည်ကြည်က "တယ် သူ့ ဦးလေးသဒ္ဓါ ပေါ့လေ ပေးရဘူး။ မင့်ကိုသာကျွေးတာ။ လာ ဒေါ်လေးဆီလာ ပါဦး" ဟု ဆို၍ လက်လှမ်းချီလိုက်ရာ ဟစ်တလုံးမှာ လက်ထဲက စားစရာ ကို ဆေးဖယ်ပြီး သူစို့ချင်နေသော ချိုချိုဘူးကို မျက်စောင်းခဲလျက် ကြည်ကြည့် ရင်ခွင်ထဲသို့ ရောက်သွားပါသည်။

ကျွန်တော့်စိတ်ထဲမှာ ရတ်တရက် စို့ချင်သည်ဟု ပြောလိုက်မှာကိုပင် အတော်စိုးရိမ်နေပါသည်။ သို့သော် အလိုက်ကမ်းဆိုးသိတတ်သော ဟစ်တလုံးမှာ ဘာမှမပြောဘဲ ကြည်ကြည်၏ပေါင်ပေါ်တွင်ထိုင်၍ ရင်ခွင်မှီ နေရသည်ကိုပင် ရှေ့မျှော်လင့်ချက်ကြီးနှင့် ကျေနပ်ပုံပေါ်နေပါသည်။

× × ×

နောက်တစ်နေ့မှ ကျွန်တော်သည် ဟစ်တလုံးအား ကျကျနနသင်လာ ခဲ့ပါသည်။ အဒေါ်ကြီးမှာ နောက်ဖေးဘက်တွင် အကြော်ကြော်နေ၍ ဆိုင်ထဲ ၌ လူပြတ်စဉ်တွင် ဟစ်တလုံးသည် ကြည်ကြည်၏ ပေါင်ပေါ်၌ထိုင်ကာ...

mgyoe.com

mgyoe.com


"ဒေါ်ရေး... အကျိုလား"

ကြည်ကြည်သည် အနီး၌ထိုင်နေသော ကျွန်တော့်မျက်နှာကိုကြည့်ကာ ရှက်စနိုးဖြစ်သွားပြီး....

"အေး... အပျိုပေါ့ဟ မင်းဘယ်သူကမေးခိုင်းသလဲ"

သို့သော် ဟစ်တလုံးသည် သူ့အမေးကို မဖြေဘဲ ကျွန်တော်သင်ထားသည့်အတိုင်းပင်...

"ကျွန်တော့်ဦးရေးလည်း လူကျိုပဲ"

ကြည်ကြည်သည် ကျွန်တော့်အား သူ့ဉာဏ်ပဲပဟူသော အမူအရာနှင့် ကြည့်ပြီး....

"အဲဒါဘာဖြစ်လဲကွ"

"ဦးရေးကဒေါ်ရေးယိုချင်ရှိတဲ့"

"ကြည့်စမ်း ကြည့်စမ်း လူပါးဝလိုက်တာ" ဟု ဆိုပြီး ဟစ်တလုံး၏ နဖူးကို လက်သီးဆုပ်ကလေးနှင့် ခပ်ဖွဖွကလေးထုလိုက်ကာ ကျွန်တော့်ကို မျက်စောင်းထိုးလိုက်ပါသည်။

ကျွန်တော်ကား ကျောက်ကျောရေပက်သော မျက်နှာကြီးနှင့်...

"ဟုတ်တယ် ဒေါ်ရေးရဲ့ ကျွန်တော့်ဦးရေးကလေ ဖဲရဲမရိုက်ဖူး၊ ကြက်လည်းမတိုက်ဘူး၊ ထန်းရေလည်း မသောက်ဘူး။ တိတ်အလုပ်ကောင်းတာပဲ။ နို့ပြီး သဘောလည်း တိတ်ကောင်းတာပဲ" ဟု ကျွန်တော်သင်ထားသည့်အတိုင်း လျှောက်ပြောနေစဉ် နောက်ဖေးဘက်က အဒေါ်ကြီးက...

"သမီးရေ ထင်းနည်းနေပြီ၊ ခုည မလောက်တော့ဘူးထင်တယ်ကွယ်။ နေ့လယ်က သွားတဲ့ တောလမ်းကလေးထဲမှာ ထင်းခြောက်နှစ်ခုသုံးခုလောက် သွားရှာက်ချေအုံးကွယ်"

"နေဝင်နေပြီမေမေ။ ကျွန်မတစ်ယောက်တည်းကြောက်တယ်"

"ကြောက်ရင် နင့်အစ်ကိုခေါ်သွားပါလားဟယ်၊ ကလေး ငါနဲ့ ထားခဲ့တာပေါ့၊ မောင်တက်မင်းနှမကို လိုက်ကူလိုက်ပါကွယ်"

ကျွန်တော့်မှာ အကြိုက်တွေ့သွားကာ...

"ဟုတ်ကဲ့ဒေါ်ဒေါ်၊ ဘာကြောက်စရာရှိလဲ အကြည်လာသွားစို့" ဟု ပြောလိုက်ရာ၊ ကြည်ကြည်သည် ကျွန်တော့်အား 'တယ်သွက်ပေါ့လေ'

mgyoe.com

mgyoe.com


ဟူသော အမူအရာမျိုးဖြင့် မျက်စောင်းထိုးကြည့်ကာ ခေါင်းခုကလေးကိုဆွဲ၍ ထခဲ့ပါတော့သည်။

လှူပါးကလေး ဟစ်တလုံးမှာ ပြုံးတုံးတုံးကလေးနှင့် ကျန်ခဲ့၍ ကျွန်တော့်မှာ ရင်ထဲဖိုးကျိုင်းဒုတ်ဖြင့် ကြည်ကြည်နှင့်အတူ တောတန်းကလေးသို့ သွားကြပါသည်။

အချိန်မှာနေဝင်ပြီး၍ မှောင်စပြုနေချေပြီ။

သစ်ကိုင်းခြောက်များကို စုပုံပြီး၍ ခပ်မောမောရှိသည်နှင့် သစ်ပင်အောက်၌ ခေတ္တနားကြသည်တွင် ကြည်ကြည်သည် ကျွန်တော့်အား မျက်စောင်းပစ်ထိုးလိုက်ကာ…

"သူက သိပ်လှူပါးဝတာပဲ"

"ဘာများ ပါလိမ့်အကြည်ရယ်"

"အမယ် မသိချင်ယောင်ဆောင်မနေပါနဲ့။ ကလေးကို သူသင်ထားတာတွေ လူများမသိဘူးမှတ်လို့လား"

ချစ်စရာကောင်းအောင် ပါးကလေးပူ၍ နှုတ်ခမ်းကလေးစူလိုက်ပါသည်။

"ဒါနဲ့ အကြည်ကစိတ်ဆိုးရောလား"

ကျွန်တော်က တောသားနည်းနှင့် သွေးတိုးစမ်းလိုက်ပါသည်။

"ဆိုးတာပေါ့"

ငေါက်ဆတ်ဆတ်ကလေးနှင့် တစ်မျိုးချစ်စရာ။

"ဆိုးပါနဲ့ကြည်ကြည်ရယ်၊ အကြည့်ကို မြင်မြင်ချင်း ကသိကအောက်နေအောင်ချစ်လွန်းလို့ မစားနိုင်မအိပ်နိုင်ဖြစ်တဲ့အပြင် မထဝံ့မကြွဝံ့ဖြစ်ပြီး တငုတ်ငုတ်နဲ့ ထိုင်နေရပါတယ် အကြည်ရယ်" တောသားဂေါ်စကားပြောနည်းအတိုင်း ရှင်းရှင်းနှင့် ဘွင်းဘွင်းပြောလိုက်ပါသည်။

"အမယ်လေး ပိုလိုက်တာ"

ရင်အုံကလေးလှုပ်၍ တင်ပါးဆုံကြီး ရမ်းလိုက်ပါသည်။

"ပိုပါဘူးအကြည်ရယ် အဟုတ်ပြောတာပါ။ ဟောဒီ ကိုကိုတက်ရင်ထဲများ စမ်းကြည့်စမ်းပါ။ ငါးရံ့ခေါင်းတိုကလေးလွှတ်ထားသလို တဒိတ်ဒိတ်နဲ့" ဟုဆိုပြီး ဝတ္ထုစာအုပ်များထဲတွင် တိုက်ကြီးပေါ်က အပျိုကို မော်တော်ကား

mgyoe.com

mgyoe.com


ကြီးနှင့် လာသောလူပျိုက ပြုလုပ်သည့်နည်းအတိုင်း သူ့လက်ကလေးကို ဆွဲယူလိုက်ပါသည်။

"အမယ်လေး... တောသားကရဲလိုက်တာ"

"ချစ်တာကိုးအကြည်ရဲ့ အကြည်ကကော ချစ်တယ်မဟုတ်လား"

"ချစ်ဖူး..."

မိန်းမတို့၏ 'ချစ်ဖူး' ဟု ပါးကလေးပူပူ နှုတ်ခမ်းကလေးစူစူနှင့် ပြောလိုက်သောစကားကို ယောကျ်ားတို့၏ ဘာသာဖြင့် 'ချစ်တယ်' ဟု အဓိပ္ပာယ်ပြန်ရကြောင်း ဆရာဦးအုံးဖေက သူ၏ ကိုယ်တွေ့နည်းဖြင့် သင်ထားခြင်းကြောင့် ကျွန်တော်သည် သူ့ကိုယ်ကလေးကို ဆွဲယူပွေ့ဖက်ကာ အနီးရှိ နွားစား၍ ကျန်နေသော ကောက်ရိုးပြန့်ကလေးပေါ်သို့ ထိုင်ချလိုက်ပါသည်။

"သူ့တွေ့ရတာဖြင့် သုံးလေးရက်ရသေး လူပျိုမှန်းလူအိုမှန်းလည်း သိရဘဲနဲ့"

"အမယ်လေး လူပျိုအစစ်ပါခင်ဗျာ။ ဘုရားကို ခုနှစ်ဆယ့်ငါးခါစူးရစေရဲ့၊ တရုတ်ပြည်ကြီးက ဆပ္ပလိုင်းလုပ်သမျှ မိုးကြိုးတွေကို သိကြားမင်းက ကိုကို့ အပေါ်မှာချည်းပစ်ချရစေရဲ့ မယုံ ဟာစ်တလုံးမေးကြည့်ပါခင်ဗျာ"

"နို့ပြီး အတည်ကြံရရင်ကောင်းပါရဲ့"

"အမယ်လေး မောင်တို့တောသားကလူရိုးပါ၊ အကြည်တို့လိုမြို့သူတွေသာ တစ်လမ်းရှောင်၊ တစ်မောင်မေ့နဲ့ ဟောဒီကလူပျိုရည်ဖျက်ပြီးမှ ပစ်သွားမှာ စိုးရပါသေးတယ်"

"အမယ်လေး ခွေးကမဟောင် ကြက်က အူနေလိုက်တာ" ဟုဆိုကာ ကျွန်တော့်ပါးကို ဆွဲလိမ်လိုက်သည်တွင် ကျွန်တော့်နှာခေါင်းက သူ့ပါးကို သုခပေးလိုက်ပါသည်။

အချိန်ကား လုံးလုံးလျားလျား မှောင်၍ သွားချေပြီ။

ကောက်ရိုးမွေ့ရာကလေးကား ဂျိုးဂျိုးဂျောက်ဂျောက် ဖြိုးဖြိုးဖျောက်ဖျောက်နှင့်။

ကျွန်တော်ပြန်လာသောအခါ၌ တစ်ယောက်တည်း ထမ်းလာခဲ့သော ထင်းစည်းကြီးမှာ ကျွန်တော်တို့တောက ကာယဗလ အသင်းလူကြီးများမြင်လျှင် ကျွန်တော့်ကို 'မောင်နွား' ဟူသော ဘွဲ့ထူးနှင့် 'ပေါင်' မရ ရောင်းမစွံ

mgyoe.com